# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၄)၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ ၃-၁၂-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

## ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိစွာအသုံးချ၍ ပန်းမြို့တော်အင်္ဂါရပ်နှင့်ကိုက်ညီအောင် ဖော်ဆောင်သွားကြရမည်ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ✭




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၂

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ ဗုဒ္ဓဟူးနေ့။

# စက်မှုနှင့် သက်မွေးပညာ ရွှေ့လျားသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုနှင့် သက်မွေးပညာ ရွှေ့လျားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် စက်မှုသင်တန်းကျောင်းများ၊ ကျွမ်းကျင်မှုအခြေပြု ကာလတိုသုံးလသင်တန်းများသို့ တက်ရောက်နိုင်ခြင်းမရှိသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စက်မှုဆိုင်ရာ အခြေခံပညာရပ်များကို သင်ကြားတတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရှာဖွေရာတွင် အထောက်အကူဖြစ်စေရေးအတွက် စက်မှုနှင့် သက်မွေးပညာရွှေ့လျားသင်တန်းများကို ၂၀၁၄ ခုနှစ်မှစတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သင်တန်း (၁၄၈)ကြိမ်ဖွင့်လှစ်၍ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၃၃၈ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းကာလအား အနည်းဆုံး ရက်သတ္တနှစ်ပတ် သတ်မှတ်ထားရှိကြောင်း၊ ယခုသင်တန်းတွင် စက်မှုလုပ်ငန်းများအတွက် လိုအပ်သော အခြေခံအုတ်မြစ်များကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်၍ စနစ်တကျနာယူမှတ်သားကြရန်နှင့် သင်ယူရရှိလာသည့် ပညာရပ်များကို လုပ်ငန်းခွင်တွင် အချင်းချင်းပြန်လည်မျှဝေပေးသွားရမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း က ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ စက်မှုဇုန်ခန်းမ၌ ကျင်းပသည့် စက်မှုနှင့် သက်မွေးပညာရွှေ့လျားသင်တန်းဖွင့်ပွဲ အခမ်းအနား၌ ပြောကြားခဲ့သည်။

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက နေပြည်တော်အတွင်းရှိ စက်မှုလုပ်ငန်းများဆောင်ရွက်နေမှု၊ MSME များအတွက် လိုအပ်သောချေးငွေများ ထုတ်ချေးပေးထားမှု၊ SME Member Card များထုတ်ပေးပြီးစီးမှုနှင့် ဒေသအတွင်း ထုတ်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲများကျင်းပခဲ့မှုအခြေအနေ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက အခြေခံစက်ပြင်ဘာသာရပ်၊ အခြေခံလျှပ်စစ်ဘာသာရပ်၊ အခြေခံဂဟေဆက်ဘာသာရပ်တို့ကို တက်ရောက်သင်ကြားမည့် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၆၈ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကိုဒီဇင်ဘာ ၁ ရက်မှ ၁၂ ရက်အထိ နှစ်ပတ်ကြာ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

စက်မှုနှင့် သက်မွေးပညာရွှေ့လျားသင်တန်းများတွင် သင်ကြားသော ဘာသာရပ်ဆိုင်ရာသင်တန်းများသည် အသိပညာအဆင့်မှ လက်တွေ့အသုံးချလုပ်ကိုင်၍ ကျွမ်းကျင်မှုအဆင့်သို့ ဦးတည်သည့် ပညာရပ်များဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ မဲစာရင်းကျန်ရှိမှု မရှိစေရေးနှင့် အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် တစ်အိမ်တက်ဆင်း (Door to Door) စနစ်ဖြင့် လိုက်လံစစ်ဆေး

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရပ်ကွက်နှင့် ကျေးရွာများအလိုက် အသက်(၁၈)နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူအားလုံး နိုင်ငံသားတိုင်းမဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများမှ အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မဲစာရင်းများ ကျန်ရှိမှုမရှိစေရေးနှင့် မဲစာရင်းမှားယွင်းမှုများမရှိစေရေးအတွက် မဲစာရင်းများအား (Door to Door)စနစ်ဖြင့် ယနေ့နံနက်ပိုင်းက ရပ်ကွက်၊ ကျေးရွာများသို့ တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ မြေပြင်ကွင်းဆင်းကောက်ယူရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများပါဝင်သည့် စာရင်းကောက်ယူရေးအဖွဲ့များက တစ်အိမ်တက်ဆင်း လိုက်လံ၍ တိုက်ဆိုင်စစ်ဆေးခဲ့ပြီး သတ်မှတ်ပုံစံများဖြင့် တောင်းဆို၊ ကန့်ကွက် ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန၊ ပြည်သူ့စာကြည့်တိုက်၌ ဆောင်းရာသီနှင့်ကျန်းမာရေး အသိပညာပေးဟောပြောပွဲ၊ စာဖတ်ဝိုင်းနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန၊ ပြည်သူ့စာကြည့်တိုက်၌ ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်းရာသီနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ၊ စာဖတ်ဝိုင်းနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆောင်းရာသီရောက်လာသည့်အချိန်တွင် ဖြစ်တတ်သောရောဂါများအကြောင်း၊ ဆောင်းရာသီတွင် ကျန်းမာရေးနှင့် ပတ်သက်၍ ဆောင်ရန်ရှောင်ရန်များ၊ ကိုယ်လက်လှုပ်ရှားကျန်းမာရေးများ လုပ်ဆောင်ဖို့ရန်လိုအပ်ကြောင်း အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်ပြီး တက်ရောက်လာသည့် အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသူလေးများက ဆောင်းရာသီနှင့် ကျန်းမာရေး သက်ဆိုင်သည့် စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုများလည်း ပေးအပ်ချီးမြှင့်ခဲ့သည်။ စာဖတ်ဝိုင်းတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က ကျောင်းသား၊ ကျောင်းသူများ စာများများဖတ်ဖို့ရန်၊ စာပေဖတ်ရှုခြင်းဖြင့်ရရှိလာမည့် စာပေအကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသည့် ကျောင်းသူလေးများကလည်း သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ပြသဆောင်ရွက်ခဲ့ရာ တက်ရောက်လာသည့် ကျောင်းသူလေးများက စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**စင်မင်းမောင်**

**(ခရိုင် ပြန်/ဆက်)**

## သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက် ၈၆လမ်း၊ ၁၅လမ်းနှင့် ၁၆လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၁၂၅ လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြားတို့တွင် ရောင်းချပေးခဲ့သည်။



သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြားနှင့် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ရွာလယ်ဘုန်းကြီးကျောင်းတို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇ လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြားတွင်လည်းကောင်း၊ ဒီဇင်ဘာ ၅ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အောက်ကမ်းနားလမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင်လည်း ကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



★ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌအား ကန်တော်ကြီးဥယျာဉ် ရှင်းလင်းဆောင်ခန်းမ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးနှင့်ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးတို့က ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃ ရက်၌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကန်တော်ကြီးဥယျာဉ်သို့ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အမျိုးသားကန်တော်ကြီး ဥယျာဉ် (၁၈)ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပြကွက်များ အလိုက် အလှပန်းမန်များ စိုက်ပျိုးထားရှိမှု အခြေအနေများ၊ လာရောက်အပန်းဖြေ အနားယူကြမည့်သူများအတွက် ဂီတဖျော်ဖြေပွဲများ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပန်းပွဲတော်တေးသီချင်း စီစဉ်ရိုက်ကူးထားရှိမှုအား တင်ပြသည်။

တင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြင်ဦးလွင်မြို့သည် ပန်းမြို့တော် ဖြစ်ရမည်ဖြစ်ပြီး ဒေသပန်းမျိုးများ၊ နိုင်ငံခြားဖြစ်ပန်းမျိုးများအားလုံး ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်၍ အခြားဒေသများသို့ ဖြန့်ချိနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများသို့လည်း ပန်းများကို တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသအတွင်း ပန်းစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဒေသ၏ရေခံမြေခံကောင်းများကို အကျိုးရှိစွာအသုံးချ၍ ပန်းမြို့တော် အင်္ဂါရပ်နှင့် ကိုက်ညီအောင် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသအတွင်း ပန်းစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေး ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ဆက်လက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေး တိုးတက်အောင် သက်ဆိုင်ရာ သုတေသနအဖွဲ့များက ဆောင်ရွက်သွားရန်လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်းမျိုးသန့်များကိုလည်း ဒေသတွင်း အောင်မြင်ဖြစ်ထွန်းစွာဖြင့် ဖူးပွင့်နိုင်ရေး စမ်းသပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဥယျာဉ်နေရာများ၌သာမက မြို့အတွင်းရှိ လမ်းများ၊ ရပ်ကွက်များ အတွင်း၌လည်း သစ်ပင်ပန်းမန်များ စိုက်ပျိုး၍ မျက်စိပသာဒ ဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

ထို့ပြင် ပြင်ဦးလွင်မြို့၏ တောင်ဘက်ပိုင်း၌ သစ်တောဖုံးလွှမ်းမှုရှိစေရေး ပြန်လည်ဆောင်ရွက်သွားရန် လိုပြီး ပြင်ဦးလွင်ဒေသ၏ စိမ်းလန်းစိုပြည်မှုနှင့် အေးမြသာယာသည့် ရာသီဥတုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့အတွင်း လမ်းဘေးများရှိ သစ်ပင်များနှင့် ကန်တော်ကြီး ဥယျာဉ်အတွင်းရှိ သစ်ပင်များကိုလည်း အောက်ခြေရှင်းခြင်း၊ အလင်းဖွင့်ခြင်းတို့ ဆောင်ရွက်၍ လေဝင်လေထွက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကန်တော်ကြီးပတ်လမ်းနှင့် ခြံစည်းရိုးဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု၍ ရှုံ့နှံ့လျှောက်လမ်း ဆောင်ရွက်ထားရှိမှု၊ ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုများ၊ ဒေသပန်းမျိုးများသုတေသနစင်တာနှင့် စမ်းသပ်စိုက်ခင်းအတွင်း သုတေသနပြု စိုက်ပျိုးစမ်းသပ်ထားရှိမှု၊ ရေကန်ပတ်လမ်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှုံ့နှံ့လျှောက်လမ်းပေါ်တွင် လူအများ သွားလာကြမည်ဖြစ်သဖြင့် သစ်အမျိုးအစားကောင်းများ အသုံးပြုခင်းကျင်းရန်နှင့် ကြံ့ခိုင်သပ်ရပ်မှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသပန်းမျိုးများအား စနစ်တကျသုတေသနပြုလုပ်၍ အပင်သက်တမ်း၊ အပွင့်သက်တမ်းမြင့်မားစေရေး၊ ပွင့်အားကောင်းမွန်မှုရှိစေရေး ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီး ပတ်လမ်းနှင့် ခြံစည်းရိုး ဆောင်ရွက်ထားရှိမှုအား လျှောက်လမ်းတစ်လျှောက် လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ပြီး လျှောက်လမ်းနံဘေး၌ အလှပန်းမန်များ စိုက်ပျိုးသွားရန်၊ သန့်ရှင်းသာယာမှုရှိစေရေး ဆောင်ရွက်သွားရန်၊ လမ်းလျှောက်သူများ ဘေးအန္တရာယ် ကင်းရှင်းမှုရှိစေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ကန်တော်ကြီး ပတ်လမ်းခြံစည်းရိုးနှင့် လူသွားလမ်းအား ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လူသွားလမ်း အကျယ် ခုနစ်ပေမှ ၁၂ ပေ၊ လမ်းအရှည်ပေ ၁၉၀၀ ရှိလူသွားလမ်းနှင့် ခြံစည်းရိုးအား ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ လူသွားလမ်းအား ပြုပြင်တည်ဆောက်ခဲ့ခြင်းကြောင့် အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် ကန်တော်ကြီးပတ်လမ်းတစ်လျှောက် အနားယူအပန်းဖြေလမ်းလျှောက်ခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ဘူတာကြီး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်း အိမ်ရာတည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတွင်နေထိုင်ကြသည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ရှင်းလင်းဆောင်ခန်းမ၌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ဘဏ္ဍာရေးနှစ်အလိုက် စစ်မှုထမ်းဟောင်း အိမ်ရာအဆောက်အအုံများ တိုးချဲ့တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နေရာချထားပေးလျက်ရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာအဆောက်အအုံအား တွေ့ရစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က တည်ဆောက်ပြီးစီးသည့်အိမ်ရာများ၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ စနစ်တကျနေရာချထားပေးသွားရန်လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ကာလအတွင်း ပြီးစီးမှုရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီမှုရှိစေရေး စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာတွင်နေထိုင်သူများ ကျန်းမာရေး အထောက်အကူပြုရန်အတွက် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ရန် နေရာများ ထည့်သွင်းတည်ဆောက်သွားရန်နှင့် အထပ်မြင့်အဆောက်အအုံများကို သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်အောင် စနစ်တကျတွက်ချက်ဆောက်လုပ်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အိမ်ရာတွင်နေထိုင်နေကြသည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်ချက်များကို မေးမြန်းသည်။

အဆိုပါ ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတွင် အခြားအဆင့်နေအိမ်နှစ်ခန်းတွဲလေးထပ် ၁၀ လုံး၊ အခြားအဆင့်နေအိမ်လေးခန်းတွဲ ခြောက်ထပ် ၁၀ လုံး၊ အရာရှိငယ် နေအိမ်လေးခန်းတွဲ ခြောက်ထပ် သုံးလုံး၊ အရာရှိကြီးနေအိမ် လေးခန်းတွဲ ခြောက်ထပ် တစ်လုံးတို့ကို ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်းနှင့် အရာရှိကြီးနေအိမ်၊ အရာရှိငယ်နေအိမ်နှင့် အခြားအဆင့် နေအိမ်များအား ထပ်မံ၍ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ပြင်ဦးလွင်မြို့ ဘူတာကြီး ထိန်းသိမ်း ဆောင်ရွက်ထားရှိမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက ဘူတာရုံအတွင်း သန့်ရှင်း သာယာမှုရှိစေရေး ဆောင်ရွက်ထားရှိမှု၊ ဘူတာရုံဧရိယာအတွင်း တရားမဝင်ဝင်ရောက်နေထိုင်သူများ၊ စီးပွားရေးလုပ်ငန်း ဝင်ရောက်လုပ်ကိုင်နေသူများအား ဖယ်ရှားရှင်းလင်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဘူတာရုံဧရိယာအတွင်း စနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး ဘူတာရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၂၅

ရက်

သာ လိုတော့သည်။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန် (န)ဝါဟူစိန်အား လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါဟူစိန်အား ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပန်းဝါဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဘုံအကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်







## လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများမြှင့်တင်ပေး

### မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၆/၂၀၂၅)

၁။ ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ မသန်စွမ်းသူများသည် အမြင်အာရုံ၊ အကြားအာရုံ၊ ကိုယ်အင်္ဂါစိတ်ပိုင်းနှင့် ဉာဏ်ရည်ဆိုင်ရာ စသည့် ချို့ယွင်းအားနည်းမှုတစ်ခုခုနှင့် မသန်စွမ်းမှုတစ်မျိုးမျိုးကို ကြုံတွေ့ခံစားနေရသူများဖြစ်သော်လည်း အချို့ကဏ္ဍများ၌ သာမန်ထက်ပင် စွမ်းဆောင်နိုင်ကြကြောင်း တွေ့ရှိရပါသည်။ မသန်စွမ်းသူများကို ကာကွယ်ပေးရန်၊ ကူညီပေးရန်နှင့် မြှင့်တင်ပေးရန်အလို့ငှာ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၄၇/ ၃) ဖြင့် နှစ်စဉ်ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တွင် (၃၃)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

၂။ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ အားလုံးကို မြှင့်တင်ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့၏ မွေးရာပါ လူသားဂုဏ်သိက္ခာအား လေးစားရန်တို့ကို ရည်ရွယ်၍ ကုလသမဂ္ဂက ၂၀၀၆ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities-CRPD) ကို အတည်ပြုခဲ့ရာ မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ်တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် နိုင်ငံတော်က မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ဖော်ပြထားပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမိုကြည့်ရှုစောင့်ရှောက်နိုင်ရန်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅ ခုနှစ်) ကိုလည်း ပြဋ္ဌာန်းထားပါသည်။

၄။ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တန်းတူညီမျှမှုရှိရေးနှင့်စပ်လျဉ်း၍ မသန်စွမ်းသူများသည် မွေးရာပါ အခွင့်အရေးများ၊ အသက်ရှင်သန်ခွင့်၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာလေးစားမှုတို့ကို ခံစားခွင့်ရှိစေရမည့်အပြင် လူမှုအသိုက်အဝန်းတွင် မသန်စွမ်းမှုကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုနှင့် နှိမ့်ချမှုမရှိစေရေးတို့ကို ဂရုပြုလိုက်နာဆောင်ရွက်ကြရပါမည်။ နိုင်ငံတော်ကလည်း မသန်စွမ်းသူများ၏ အခွင့်အရေးများအား ကဏ္ဍစုံတွင် လက်လှမ်းမီရရှိနိုင်စေရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၅။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲများ၊ သင်ခန်းစာပို့ချမှုများတွင် ထည့်သွင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအား မျက်မမြင်လက်စမ်းဘာသာ စာအုပ်ပြုစုထုတ်ဝေခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (CRPD) အား ဘာသာပြန်ဆို၍ ထုတ်ဝေခြင်းအပါအဝင် စာအုပ်စာတမ်းများ ပုံနှိပ်ဖြန့်ချိလျက်ရှိပါသည်။ ထို့ပြင် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် မသန်စွမ်း သင်တန်းကျောင်းများသို့ သွားရောက်၍ မသန်စွမ်းသူများ၏ အခြေခံလူ့အခွင့်အရေးများရရှိခြင်း ရှိ/မရှိ ကြည့်ရှုစစ်ဆေးကာ အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်တို့နှင့်လည်း ပူးပေါင်း၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်လျက်ရှိပါသည်။

၆။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂက ချမှတ်ထားသော ဆောင်ပုဒ်ဖြစ်သည့် **"လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများမြှင့်တင်ပေး - Fostering disability inclusive societies for advancing social progress"** နှင့်အညီ ကဏ္ဍအသီးသီးတွင် မသန်စွမ်းသူများ လက်လှမ်းမီပါဝင်နိုင်ရေး သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြပါရန် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့တွင် အလေးအနက်တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကိုပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက် စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မြို့မမြောက်ရပ်ကွက်နေ ကျော်ဝင်းနိုင် (၄၆)နှစ်သည် ၎င်းအသုံးပြုသည့် "Kyaw Win Naing" Facebook အကောင့်ဖြင့် လူမှုကွန်ရက် စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင် လွဲမှားစေရန် ရေးသား လှုံ့ဆော်ခဲ့ကြောင်း ဖော်ထုတ် ဖမ်းဆီးရမိသဖြင့် ၎င်းအား နိုဝင်ဘာ ၃၀ ရက်တွင် ရေနံချောင်း မြို့မရဲစခန်း (ပ)၃၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၇ ရက် ည ၁၀ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဆိပ်ကြီးဦးမြငါးစင်ရပ်ကွက် ဦးမြအပိုင်ဖွံ့ဖြိုးရေးလမ်းနှင့် ကွက်သစ်လမ်းဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါဆိုင်းဘုတ်အား ဖျက်ဆီးသွားသူ အဆိုပါရပ်ကွက်နေ သီသာဆို(၃၀)နှစ်အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား နိုဝင်ဘာ ၂၈ ရက်တွင် စက်ဆန်း နယ်မြေရဲစခန်း (ပ)၁၃၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၈ ရက်တွင်သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာနေ ခိုင်စိုး (၅၈)နှစ်သည် ၎င်းအသုံးပြုသည့် "Khaing Soe" Facebook Account ဖြင့် Messenger တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအား ပျက်ပြားစေရန်နှင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန် စာသားများရေးသား ပြောဆိုထားသည်ကို ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် ၎င်းအား နိုဝင်ဘာ ၂၈ ရက်တွင် သန်လျင် မြို့မရဲစခန်း (ပ)၄၃၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး သရက်မြို့ တောင်မင်းတည်း ရပ်ကွက်နေ အခြေခံပညာ အလယ်တန်းကျောင်း(ပိဿလိမ်း)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုအေး၏ လက်ကိုင်ဖုန်းသို့ ဖုန်းအမှတ် ၀၉ ၆၇၃၅၆၂၀၇၈ နံပါတ်ဖြင့် "ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်ခြင်းမပြုရန်နှင့် ဆရာမကြီးကျောင်းက မဲရုံတာဝန်ရှိသူများကိုပါ ကြိုတင်သတိပေးတာပါ"ဟု ခြိမ်းခြောက်စာ ပေးပို့ခဲ့သဖြင့် အဆိုပါ ခြိမ်းခြောက်စာရေးသားပေးပို့ခဲ့သူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၉ ရက်တွင် သရက်မြို့မရဲစခန်း (ပ)၈၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၁၆ ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (သိမ်ဇရပ်)မှ ဆရာမကိုးဦးသည် ကျိုက်ထိုမြို့၌ ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း တက်ရောက်ရန် မော်တော်ယာဉ်ဖြင့်သွားစဉ် ကျိုက်ထိုမြို့နယ် ကမ်းနီကျေးရွာ တိုးဂိတ်အနီးအရောက်၌ သံချောင်း ဦးဆောင်သည့် PDF အမည်ခံ အကြမ်းဖက် သမားများက မော်တော်ယာဉ်အား တားဆီးကာ ဖမ်းဆီးခေါ်ဆောင်သွားပြီး ဆရာမများအား ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်း မပြုလုပ်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် သံချောင်း ဦးဆောင်သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား နိုဝင်ဘာ ၂၅ ရက်တွင် သိမ်ဇရပ် နယ်မြေရဲစခန်း (ပ)၁၅၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(ခ)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ရေလဲကျေးရွာအုပ်စုနှင့် နတ်သံကွင်းကျေးရွာအုပ်စုတို့မှ ကျေးရွာ တာဝန်ခံများအား တင်ဆန်းဦး ဦးဆောင်သည့် PDF အမည်ခံ အကြမ်းဖက်အုပ်စုနှင့် KNLA အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က ရင်းတိုက်ကုန်း ကျေးရွာသို့ ခေါ်ဆောင်ကာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပါဝင်ဆောင်ရွက်ခြင်းမပြုရန်နှင့် ဆန္ဒမဲပေးခြင်းမပြုလုပ်ရန် ခြိမ်းခြောက် ပြောဆိုခဲ့သဖြင့် တင်ဆန်းဦး ဦးဆောင်သည့် PDF အမည်ခံ အကြမ်းဖက်အုပ်စုနှင့် KNLA အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့အား နိုဝင်ဘာ ၂၅ ရက်တွင် ကျောက်ကြီးမြို့မရဲစခန်း (ပ)၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ၂၃(ခ) ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၂ ရက်တွင် ချင်းပြည်နယ် ဟားခါးမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မာမြင့်၏ လက်ကိုင်ဖုန်းသို့ ဖုန်းအမှတ် ၀၉ ၂၅၁၈၈၈၆၂၂ ဖြင့် "ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်ခြင်း မပြုရန်နှင့် သတိနဲ့နေပါ"ဟု ခြိမ်းခြောက်ခဲ့သဖြင့် ထိုသို့ခြိမ်းခြောက်ပြောဆိုခဲ့သူ(စိစစ်ဆဲ)အား နိုဝင်ဘာ ၂၈ ရက်တွင် ဟားခါးမြို့မရဲစခန်း (ပ)၅၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၃ ရက်တွင် ကချင်ပြည်နယ်မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာရပ်ကွက်နှင့် ရှမ်ပူရပ်ကွက် အဝင်လမ်းဆုံထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုး ပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ) အား နိုဝင်ဘာ ၂၆ ရက်တွင် မြစ်ကြီးနားမြို့ နယ်မြေရဲစခန်း (ပ)၂၂၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ရေချိုကုန်းကျေးရွာ ရာအိမ်မှူး ဦးမြင့်စိုး၏ နေအိမ်ခြံဝင်းအတွင်းသို့ "ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရန်" ခြိမ်းခြောက်ရေးသားထားသည့် ခြိမ်းခြောက်စာ တစ်စောင် လာရောက်ပစ်ချသွားခဲ့သဖြင့် အဆိုပါခြိမ်းခြောက်စာ ပစ်ချခဲ့သူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၇ ရက်တွင် ကန်ဘက်နယ်မြေရဲစခန်း (ပ)၅၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၅ ရက်တွင် ကရင်ပြည်နယ်ဘားအံမြို့နယ် ဇာသပြင်-ကျားကလေးသွား ကားလမ်းနှင့် ခရားအတွင်းကျေးရွာ ရွာအဝင်လမ်းဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးခဲ့သူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၅ ရက်တွင် ဇာသပြင်နယ်မြေရဲစခန်း (ပ)၂၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (င)ရပ်ကွက် (၁၂၁) လမ်းနှင့် (၆၀)လမ်းထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၆ ရက်တွင် ပြည်ကြီးတံခွန် မြို့မရဲစခန်း (ပ)၂၂၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၆ ရက်တွင်ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ အမှတ်(၂)ရပ်ကွက် မြို့ပတ်လမ်းနှင့် ထန်းတောင်လမ်းဆုံထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုး ပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာ ၂၇ ရက်တွင် ငွေဆောင် နယ်မြေရဲစခန်း (ပ)၃၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၃ နာရီတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အေးကျွန်းကျေးရွာနေ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝေလင်းထက် (၃၇)နှစ်သည် နေအိမ်၌ မိသားစုနှင့်အတူ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမား သုံးဦး (စိစစ်ဆဲ)က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ဦးဝေလင်းထက်အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဖမ်းဆီးသွားသည့် PDF အမည်ခံ အကြမ်းဖက်သမား သုံးဦး(စိစစ်ဆဲ)အား နိုဝင်ဘာ ၂၉ ရက်တွင် ပခုက္ကူမြို့မရဲစခန်း (ပ)၁၇၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာ လမ်းလေးဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်း များ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၃၀ ရက်တွင် ကျွန်းစုမြို့မရဲစခန်း (ပ)၄၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အထက်မြန်မာပြည် Amateur Open 2025 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၏ လမ်းညွှန်မှုဖြင့် အထက်မြန်မာပြည် ဂေါက်သီး အားကစားအဖွဲ့ချုပ် ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် Amateur Open 2025 ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့နှင့် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၊ အထက်မြန်မာပြည်ဂေါက်သီးအဖွဲ့ချုပ် ဆပ်ကော်မတီမှတာဝန်ရှိသူများနှင့် ရွှေမန်းတောင် ဂေါက်ကွင်းတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံဂေါက်သီးအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်ရွှေ၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အထက်မြန်မာပြည် ဂေါက်သီး အားကစားအဖွဲ့ချုပ် ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုကို၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးထွန်းထွန်းဦး၊ ဦးစိုး၊ ဦးအေးကိုတို့က အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် အမျိုးသား ၂၀၈ ဦး၊ အမျိုးသမီး ၈၀ စုစုပေါင်း ၂၈၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ဒီဇင်ဘာ ၂ ရက်မှ ၄ ရက် အထိ သုံးရက်ကြာ ပြုလုပ်မည်ဖြစ်သည်။

သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - MG



မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ဖွင့်လှစ်ပေးစဉ်။

# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ညောင်ဦးမြို့နယ် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်-တောင်ဇင်းဘူတာအကြား တံတားအမှတ် (၁၅၇) အနီး ရထားသံလမ်းပျက်စီးမှုဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ-ကျောက်ပန်းတောင်း လမ်းပိုင်းအတွင်း စုတည်ဘူတာနှင့် တောင်ဇင်းဘူတာအကြား သံလမ်းပြေးယာဉ် RGC 103 ဖြင့် ရထားလမ်းပိုင်းအား ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ ခန့်တွင် သွားရောက်စစ်ဆေးစဉ် မိုင်တိုင် ၃၈၁/၁၅-၁၆ ကြား ပေ ၂၀ အရှည်ရှိ သံပေါင်တံတား အမှတ် (၁၅၇) အနီးတွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ရထားသံလမ်းအရှေ့ဘက်ခြမ်း သံလမ်းဖိနပ် တစ်ပေခန့် ပဲ့ထွက်ပျက်စီးခြင်းနှင့် ဇလီဖား သုံးတုံး ကျိုးပဲ့နေကြောင်းတွေ့ရှိရသဖြင့် စုတည်-တောင်ဇင်း ရထားလမ်းပိုင်းအား နံနက် ၁၀ နာရီ ၁၆ မိနစ်ခန့်တွင် ယာယီပိတ်ထားခဲ့ကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားရာ ရထားလမ်းနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် နယ်မြေရှင်းလင်း စစ်ဆေးဆောင်ရွက်ခဲ့ပြီး မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းအားအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သံလမ်းအား ဖြတ်တောက်လဲလှယ်၍ အစားထိုးတပ်ဆင်ခြင်း၊ လမ်းပြုပြင်ခြင်းများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၂ နာရီ ၅၁ မိနစ်ခန့်တွင် လမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မိုင်းပေါက်ကွဲမှုကြောင့် ရထားကြန့်ကြာမှုမရှိကြောင်းနှင့် လမ်းပိုင်းအတွင်း အပတ်စဉ်ပြေးဆွဲလျက်ရှိသည့် ရန်ကုန်-ပုဂံ အမှတ်(၆၁)အဆန် လူစီးရထားနှင့် အမှတ်(၆၂)အစုန် ပုဂံ-ရန်ကုန် လူစီးရထားများ ပုံမှန်အတိုင်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ၈၃ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း ၁၇၉ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြပြီး နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက်ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ သတင်းစဉ်





အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့် တောင်ဇင်းဘူတာအကြား (မိုင်တိုင်အမှတ် ၃၈၁/၁၅-၁၆)ရှိ ပေ ၂၀ အရှည် သံပေါင်တံတားပေါ်၌ ရထားသံလမ်းပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့် တောင်ဇင်းဘူတာအကြား (မိုင်တိုင်အမှတ် ၃၈၁/၁၅-၁၆)ရှိ တံတားအမှတ် ၁၅၇ အပေါ်၌ ရထားသံလမ်းပြုပြင်နေမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့် တောင်ဇင်းဘူတာအကြား (မိုင်တိုင်အမှတ် ၃၈၁/၁၅-၁၆)ရှိ တံတားအမှတ် ၁၅၇ အပေါ်၌ ရထားသံလမ်းပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

# ပြည်ကြီးတံခွန်မြို့နယ်တွင် တန်ဖိုးငွေကျပ် သိန်း ၄၇၈၀ တန်ဖိုးနှင့် မိုင်းပျဉ်းမြို့နယ်တွင် တန်ဖိုးငွေကျပ် သိန်း ၄၀၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ကြီးတံခွန် မြို့နယ်တွင် တန်ဖိုးငွေကျပ် သိန်း ၄၇၈၀ တန်ဖိုးနှင့် မိုင်းပျဉ်းမြို့နယ်တွင် တန်ဖိုးငွေကျပ် သိန်း ၄၀၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ် (ဃ) ရပ်ကွက် ၆၂ လမ်းနှင့် ၁၁၆ လမ်းထောင့်တွင် ရဲပြည့်စုံအောင် ၂၇ နှစ်၊ အောင်မင်္ဂလာ (၁)ရပ်ကွက် ပုသိမ်ကြီးမြို့နယ်နေသူ မောင်းနှင်ပြီး ရဲမင်းအောင် ၃၄ နှစ်၊ CL-1 Star City အိမ်ရာ သန်လျင်မြို့နယ်နေသူ လိုက်ပါလာသော YGN-36 2L-xxxx TOYOTA MARK II အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ၎င်းတို့နှစ်ဦး သယ်ဆောင်လာသော စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း သုည ဒသမ ၀၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်လေးသိန်း) နှင့် HAPPY WATER ၃ ဒသမ ၉၈ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၄၇၇၆ သိန်း)တို့အား သိမ်းဆည်းရမိသဖြင့် ရဲမင်းအောင်နှင့် ရဲပြည့်စုံအောင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုင်းပျဉ်းမြို့နယ် တုံတာမြို့ ရပ်ကွက်(၄)အနီးတွင် အိုက်ငို့ (၃၃)နှစ် နမ့်မွဲကျေးရွာ နမ့်ရှိ ကျေးရွာအုပ်စု မိုင်းပျဉ်းမြို့နယ်နေသူ မောင်းနှင်ပြီး ဂျက်လီ(ခ) ယာဖို တီလွယ်ကျေးရွာ နောင်ကွဲ ကျေးရွာအုပ်စု မိုင်းပျဉ်းမြို့နယ်နေသူ လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် သိန်း ၄၀၀) သိမ်းဆည်းရမိသဖြင့် အိုက်ငို့နှင့် ဂျက်လီ(ခ)ယာဖိုတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ သတင်းစဉ်



ဖြစ်မှုကျူးလွန်သူ အိုက်ငို့နှင့် ဂျက်လီ(ခ) ယာဖိုတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် ဒီဇင်ဘာ ၂

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း၊ ပူဒူချယ်ရီနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် တောင်-အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏အနောက်ဘက် ရေမိုင် ၇၆၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ မြောက်- အရှေ့မြောက်ဘက် ရေမိုင် ၆၅ မိုင်ခန့်နှင့် ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါမုန်တိုင်းငယ်သည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီတွဒ် ၁၂ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၈၀ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါမုန်တိုင်းငယ်သည် အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း-ပူဒူချယ်ရီကမ်းခြေတို့သို့ ဦးတည်ရွေ့လျားနိုင်ကာ အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ငါးလုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ အလုံး ၂၀ ထပ်မံချိပ်ပိတ်သိမ်းဆည်း

နေပြည်တော် ဒီဇင်ဘာ ၂

မြန်မာနိုင်ငံအစိုးရအနေဖြင့်အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ - မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော တစ်ထပ်အားကစားရုံ တစ်လုံး၊ နှစ်ထပ် KTV အဆောက်အအုံ တစ်လုံး၊ နှစ်ထပ်လူနေအဆောက်အအုံ နှစ်လုံး၊ လေးထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ငါးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ အလုံး၁၄၀ ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၂၈၈ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရားမဝင်အဆောက်အအုံ အလုံး ၂၀ ကို ထပ်မံချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင်အဆောက်အအုံ စုစုပေါင်း ၁၆၁ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရသည်။





KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။





KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၃၁၀၊ မိုဘိုင်းဖုန်း ၂၁၈၇၀၊ Star Link ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉၈ ဦး၊ ကင်ညာနိုင်ငံသား ၃၇ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၃၆ ဦး၊ ယူဂန်ဒါနိုင်ငံသား ၁၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ ဂါနာနိုင်ငံသား နှစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသား နှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား တစ်ဦး၊ တိုဂိုနိုင်ငံသား တစ်ဦးနှင့် ဘီနင်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၄၁၁ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ၎င်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၁၀၆၀၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၄၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို မီးရှို့ဖျက်ဆီးစဉ်။



မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့် အဆောက်အအုံကို ချိပ်ပိတ်သိမ်းဆည်းမှုမှတ်တမ်းဓာတ်ပုံ။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။



တရားမဝင် ပြည်ပနိုင်ငံသားများကို လွှဲပြောင်းပေးစဉ်။

## အောင်ပန်းမြို့၌ လမ်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ

**ကလော ဒီဇင်ဘာ ၂**

ကလောမြို့နယ်စည်ပင်သာယာရေးဌာနသည် ကလောမြို့နယ်အတွင်း မြို့တွင်းလမ်းများ ကောင်းမွန်စေရန်အတွက် လမ်းဟောင်းများပြုပြင်ခြင်း၊ လမ်းအသစ် တည်ဆောက်ခြင်း၊ မြို့တွင်းလမ်းများပြုပြင် ဖာထေးခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၅၉၂ ဒသမ ၈ သိန်းဖြင့် ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ရွာင်စုရပ်ကွက်၊ ဗထူးလမ်း လမ်းသားချဲ့ထွင်ခြင်းနှင့် ကတ္တရာခင်းခြင်း လုပ်ငန်း(၉၆၇၀ စတုရန်းပေ) ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)(ကဆ)**



## စက်သုံးဆီဆိုင်များမီးဘေးအန္တရာယ် ကင်းဝေးစေရေးတာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်



**ရွှေဘို ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၌ ပွင့်လင်း ရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ကြိုတင်ကာကွယ်မှု အစီအမံတစ်ရပ်အနေဖြင့် ရွှေဘိုခရိုင် မီးသတ်ဦးစီးမှူး ဦးအေးမြင့်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးဦးအောင်မြတ်တိုးတို့ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၉ နာရီက ရွှေဘိုမြို့နယ် အတွင်းရှိ စက်သုံးဆီအရောင်းဆိုင် ၁၀ ဆိုင်ကို ကွင်းဆင်းဆောင်ရွက် ခဲ့သည်။ **(ဝဲပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ရွှေဘိုခရိုင်၊ မြို့နယ် မီးသတ် ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင် ၁၀ ဆိုင်သို့ သွားရောက်၍ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများထားရှိမှုကိုစစ်ဆေး၍ မီးသတ်ဆေးဘူးများ လေပေါင်ပြည့်မပြည့် တစ်လတစ်ကြိမ်စစ်ဆေးရန်၊ ဆီသယ်ယာဉ်များတွင် မီးသတ်ဆေးဘူး နှင့် အပ်ကြိုးထားရန်၊ နေအေးချိန် နှင့် အပူရှိန်မရှိမှသာဆီချရန် ၊ စက်သုံးဆီဆိုင်အတွင်း ဆီပေပါများဖြင့် သိုလှောင်ထားခြင်းမပြုရန်၊ မီးသတိပေးစာတန်းနှင့် မီးသတ်စခန်း၏ တယ်လီဖုန်း နံပါတ်များကပ်ထားရန် အကြံပြုခဲ့ပြီး စက်သုံးဆီဆိုင်ဝန်ထမ်းများကို မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး၍ မီးသတ်ဆေးဘူးသုံးစွဲမှုအား သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အမှတ်(၃၂)အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေး၊ ပြည်ကြီးတံခွန် မြို့နယ်ရှိ အမှတ်(၃၂) အခြေခံ ပညာအထက်တန်းကျောင်းခန်းမ၌ ယမန်နေ့ နံနက် ၉နာရီခွဲက မီးဘေးလုံခြုံရေး အသိ ပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပွင့်လင်းရာသီသို့ရောက်ရှိလာပြီ ဖြစ်၍ မြို့နယ်မီးသတ် ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သန္တေ ဆယ်ဦး၊ တံခွန်တိုင် ရပ်ကွက်၊ အမှတ်(၃၂)အခြေခံ ပညာအထက်တန်းကျောင်းရှိ



ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများပူးပေါင်းကာ စာသင်ကျောင်းအခြေပြု မီးဘေး လုံခြုံရေးအသိပညာပေးဟော ပြောပွဲကို ကျင်းပခဲ့ပြီး မီးငြိမ်း သတ်နည်း လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**စင်မင်းမောင် ခရိုင်(ပြန်/ဆက်)**

၀-၀-၀-၀-၀



## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂**

၂၀၂၅-၂၀၂၆ ခုနှစ် အခြေခံ ပညာဦးစီးဌာန မန္တလေးတိုင်း ဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟိုမန္တလေး) (AEDA-Mdy)တို့ ပူးပေါင်း ကျင်းပသည့် မူးယစ်ဆေးဝါး အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁နာရီ က မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ အမှတ်(၃၀)အခြေခံ ပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်း အုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင် က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မူးယစ်သမိုင်း ကြောင်းကို အသင်း(ဗဟို)တွဲဖက် အတွင်းရေးမှူး ဦးသန့်ဇင်ဦးက လည်းကောင်း၊ အသင်း(ဗဟို) အတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်၊ လူငယ်ထု အတွင်း အန္တရာယ်ပေးနေသည့် စိတ်ကြွရူးသွပ်ဆေးနှင့် အီး စီးကရက် (VAPE)အကြောင်း ကိုလည်းကောင်း အသိပညာပေး ဟောပြောကြသည်။

ဆက်လက်၍ အသင်း(ဗဟို) ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က တက်ရောက်လာကြသည့် ကျောင်း သား၊ ကျောင်းသူများအား မူးယစ် ဆေးဝါးဆိုင်ရာ ဉာဏ်စမ်းမေးခွန်း များ မေးမြန်းခြင်းများပြုလုပ်၍ ဆု လက်ဆောင်များ ပေးအပ်ချီးမြှင့် ပြီး ကျောင်းသား၊ ကျောင်းသူများ က မူးယစ်ဆေးဝါးမသုံးစွဲမိစေ ရန်အတွက် သန္နိဋ္ဌာန်ရွတ်ဆိုကြ သည်။ **(အပေါ်ပုံ)**

ဟောပြောပွဲသို့ ဆရာ၊ ဆရာ မများနှင့် ကျောင်းသား၊ ကျောင်း သူ ၂၅၀ ဦး တက်ရောက်ကြ ကြောင်း သိရသည်။

**(၀၇၀)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဓားကိုင်ရမ်းကားသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၌ ဓားကိုင်ရမ်းကားသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူထား သည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၆ ရက် ည ၈ နာရီခွဲတွင် ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်၊ တပ်ကုန်း မြို့နယ်၊ ရွှေမြို့နယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့် ကင်း ဆောင်ရွက်နေစဉ် သပြေ ချောင်းကျေးရွာလမ်းပေါ်အရောက် ၌ အဆိုပါကျေးရွာနေ ရဲဇော် (ခ)ထိန်လင်း(၃၇)နှစ်ဆိုသူအား အရိုး၊ အသွား ၁၇ လက်မခန့်ရှိ ဓား တစ်ချောင်းဖြင့် ရမ်းကားနေ သည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့ သဖြင့် ရဲဇော်(ခ)ထိန်လင်းဆိုသူ အား ရွှေမြို့နယ်မြေရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ဖဲရိုက်လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၌ ဖဲရိုက်လောင်း ကစားပြုလုပ် နေသူများအား ဖမ်းဆီးအရေးယူ ထားသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၉ ရက် ည ၁၁ နာရီ မိနစ် ၅၀တွင် ပုဗ္ဗသီရိမြို့နယ်၊ ခါးပြတ်ကျေးရွာ ရန်ကုန်-မန္တလေးလမ်းဟောင်း ဘေး ဦးဝင်းထွဋ်၏ 'နှင်းရတနာ အောင်' ကွမ်းယာဆိုင်အနောက် ၌ ဖဲရိုက်လောင်းကစားပြုလုပ်နေ ကြောင်း သတင်းအရ ပဏ္ဏာနယ် မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက် စစ်ဆေးခဲ့ရာ ပုဗ္ဗသီရိမြို့နယ်၊ တံတားဦးကျေးရွာနေသူများ ဖြစ် ကြသည့် ဝင်းထွဋ်(၃၆)နှစ်၊ သီဟ(၃၆)နှစ်၊ ငဝါခိုင်(၃၅)နှစ်နှင့် စက်ကုန်းကျေးရွာနေ ဝင်းနိုင်ဦး (၃၆)နှစ်ဆိုသူတို့အား ဖဲရိုက် လောင်းကစားရာတွင် အသုံးပြု သည့်ဆက်စပ်ပစ္စည်းများ၊လောင်း ကြေးငွေများနှင့်အတူ တွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် ဝင်းထွဋ်ပါ လေးဦးအား ပဏ္ဏာနယ်မြေရဲစခန်း က ဥပဒေအရ အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## မော်တော်ယာဉ် အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့မှုကြောင့် လမ်းဖြတ်ကူးသူ ကလေးငယ်တစ်ဦးသေဆုံး

**ပဲခူး ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး၊ကျောက် တံခါးမြို့နယ်၌ မော်တော်ယာဉ် အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက် တိုက်မိခဲ့မှုကြောင့် လမ်းဖြတ်ကူး သူ ကလေးငယ်တစ်ဦး သေဆုံးခဲ့ သည်။ **(အောက်ပုံ)**



ဖြစ်စဉ်မှာ နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးတိုင်း ဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အောင်ချမ်းသာကျေးရွာ ရန်ကုန်- မန္တလေးကားလမ်းဟောင်း မိုင် တိုင်အမှတ် ၁၁၁ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံကြား၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ တောင်ငူအင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသ ကြီး၊ ပျော်ဘွယ်မြို့နယ်၊ မြို့မ ရပ်ကွက်နေ ဆန်းကိုကို(၂၂)နှစ် ဆိုသူ မောင်းနှင်လာသည့် ISU-ZU ခြောက်ဘီး မော်တော်ယာဉ် သည် ရန်ကုန်မှ မန္တလေးဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ အရောက်၌ လမ်းဖြတ်ကူးသည့် တောင်ငူအင်းမြို့နေ မောင်ဟိန်း မင်း(၉)နှစ်ဆိုသူအား အရှိန်မထိန်း နိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် မောင်ဟိန်းမင်းတွင် ထိခိုက် ဒဏ်ရာများရရှိကာ အခင်းဖြစ် နေရာ၌ သေဆုံးသွားခဲ့သော ကြောင့် ဆန်းကိုကိုအား တောင်ငူ အင်းနယ်မြေရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# မန္တလေးရတနာပုံ ခွန်းထောက်ကို လေ့လာခြင်း





**ကျုံးပတ်လည် ကာဆီးလို့ × × × ပြည်ကြီးရယ်တဲ့ × × × ရတနာပုံ × × × တာဝတိံသာ နတ်ပြည်ကြငှန်းလို × × × မန်း၃ွာန ကျက်သရေစုံ × × × ယခုကြည့်ရတာ ခင်ဗျာ × × × ယခင် ခေတ်ကို လွမ်းမိပါဘိ × × × ပလ္လင်ရှစ်ခန်းရယ်တဲ့ ကြငှန်းရွှေဘုံ × × × မန်းမြေခိုလှုံရတာမို့ × × × တစ်ဖုံ ယဉ်ကျေး × × × တွက်စစ်လို့ဖော် × × × တွက်စစ်လို့ဖော် × × × သက္ကရာဇ်တော် × × × အက္ခရာနဲ့ ရေးရင်ဖြင့်၊ ဂဏန်းခေါ် သင်္ချာနဲ့တွေးကြပါတော့ × × ×၊**

**'အုတ် × ကျစ် × ကျော် × အေး' ကျွန်တော်တို့ ရွှေမန္တလေး × × × ။**

ဤခွန်းထောက်ကို ရှေးကလူရှင်တော်ကြီးများသည် မန္တလေးနှင့်ပတ်သက်သည့် ကပွဲသဘင်များတွင် များသောအားဖြင့် သီဆိုလေ့ရှိကြသည်။ တချို့ကလည်း မန်းတောင်လက်ျာသီချင်း ကြီး၏ 'ခြေဆင်း'ဟုလည်းပြောကြသည်။ မည်သို့ဆိုစေ မန္တလေးအငြိမ့်များ၊ ဇာတ်သဘင်များမှ လူရှင်တော်များ'ခွန်းထောက်' အဖြစ်သီဆိုကြသည်ကို ကြားဖူးနေခဲ့ပါသည်။ မန္တလေးမြို့၏ ကျုံး တော်၊ မြို့ရိုးတော်၊ ပြာသာဒ်တော်၊ ပလ္လင်တော်စသည်ဖြင့် ရှေးမင်းများလက်ထက်က စံနန်းတော်ရာ မန္တလေးမြို့၏ သမိုင်းဖြစ်စဉ် အငွေ့အသက်များအပြင်၊ နူးညံ့ယဉ်ကျေးသိမ်မွေ့သည့်မြန်မာ၊ ကျစ်လျစ်သိပ်သည်း ခိုင်မာသည့်မြန်မာ၊ ဇာတိသွေး ဇာတိမာန် ပြည့်စုံဖြိုးမောက်သည့် မြန်မာတို့ အကြောင်း ဖော်ပြနေသည့် ခွန်းထောက်မို့လည်း ကျွန်တော်လွန်စွာမှ နှစ်သက်ပါသည်။

မြန်မာတို့၏သမိုင်းဝင် အချက်အလက်များ ရေးဖွဲ့ထားသည့် ခွန်းထောက်ကို ပြန်လည်ခံစား သုံးသပ်ရလျှင်၊ 'ကျုံးပတ်လည် ကာဆီး . . လို့၊ ပြည်ကြီး.. ရယ်တဲ့ ရတနာပုံ' 'ကျုံးတော် တစ်ဖက်လျှင် 'တာ ၆၀၀'ရှိပါသည်။ 'ခုနစ်တောင် လျှင်တစ်တာ' ဆိုထားခြင်းကြောင့် တစ်တာလျှင် ၁၀ ပေခွဲပါ။ ထို့ကြောင့် တာ ၆၀၀မှာ ပေပေါင်း ၆၃၀၀ ရှိပါသည်။ ကျုံးတော်လေးဘက်ရှိသည် ဖြစ်၍ တာပေါင်း ၂၄၀၀ ပတ်ထားသည့် ကျုံး တော်ကြီးဟု ဆိုကြသည်။ထိုကျုံးတော်ကြီးအတွင်း တွင် မြို့ရိုးတော်ကြီးသည်လည်း ကျုံးတော်ကြီး၏ အတိုင်းအတာနီးပါး ခိုင်မာစွာရပ်တည်နေပေ သည်။ ကျုံးတော်ကြီး၊ မြို့ရိုးတော်ကြီးများနှင့် ဝိုင်းရံပတ်ထားသော 'ရတနာပုံ မန္တလေးမြို့တော် ကြီးပါ'ဟု ဆိုထားသည်မှာ လိုက်ဖက်ညီကာ တင့် တယ်လှကြောင်းဖော်ကျူးထားပေသည်။

'ဝတိံသာ ××× နတ်ပြည်ကြငှန်းလို ××× မန်း . . မန်း၃ွာန ကျက်သရေစုံ ×××' ရတနာပုံ မန္တလေးမြို့တော်ကြီးသည် 'မှတ်သားစရာ တံခါး ဆယ့်နှစ်ရပ်၊ လေးဆယ့်ရှစ်ပြာသာဒ်ရံသည်' ဆိုသည်နှင့်အညီ ကျုံးတော်ကြီးအပြင် မြို့ရိုးတော် ကြီးမှာဖြင့် တစ်ဖက်လျှင် 'တံခါးသုံးပေါက်' နှုန်းနှင့် ကျုံးတော်လေးဘက်အတွက် တံခါး ၁၂ ပေါက် တည်ရှိပြီး၊ ၄၈ ခုသော ပြာသာဒ်များ ဝန်းရံထား သည်မှာ တာဝတိံသာနတ်ပြည်က နတ်နန်းများကဲ့သို့ တင်စားကာ ထူးကဲစွာ ကျက်သရေရှိလှကြောင်း ဆိုထားသည်ကို တွေ့ရပါသည်။

'ယခုကြည့်ရတာ× × ×အရင်ခေတ်ကို လွမ်း လိုက်ပါဘိ ××× ထုပိကာ၊ ဒုယင်အမွှန်က ဆန်းပါ သနဲ့ ××× ပလ္လင်ရှစ်ခန်းရယ်တဲ့ ကြငှန်းရွှေဘုံ×××' ရှေးယခင်မင်းဘုရင်များ လက်ထက်တော်က နန်း ပြာသာဒ်များသည် ထုပိကာ၊ ဒုယင်အချွန်အမွှန်များ နှင့် ခမ်းနားထည်ဝါစွာ တည်ရှိခဲ့လှသော်လည်း ယခုအခါမှာဖြင့် ဒုတိယကမ္ဘာစစ်ကြီး၏ဆိုးကျိုး ဘေးဒဏ်ကြောင့် မီးဘေးသင့်ကာ ပျက်စီး ယိုယွင်းသွားရသည်ကို လွမ်းတနေမိသည်ဟုဆိုထား ပါသည်။ ထို့ပြင် မြနန်းစံကျော် ရွှေနန်းတော်ကြီး အပါအဝင် ရှစ်ခန်းသော ပလ္လင်တော်များလည်း ဆုံးရှုံးရလေသည်။ ထိုသို့ အဖိုးထိုက်တန် မြန်မာတို့ ၏ အားမာန်ဖြစ်သော ပလ္လင်တော်များပျက်စီးရခြင်းမှာ ဝမ်းနည်းစရာ ကောင်းလှပေသည်။ မြန်မာမင်းများ သုံးစွဲလုပ်ဆောင်ရာကဏ္ဍအလိုက် တလေးတစား တန်ဖိုးထားသော ပလ္လင်တော်ရှစ်ခန်းဆိုသည်မှာ-

၁။သီဟာသနပလ္လင်= မြေနန်းပြာသာဒ်ဆောင် တွင် တည်ရှိသည်။ ခြင်္သေ့ရုပ်ခံကာ ယမနေသားဖြင့် ပြုလုပ်ထားသည့် ပလ္လင်ဖြစ်သည်။ အပူဇော်ခံရာတွင် အသုံးပြုသည်။

၂။ဟံသာသနပလ္လင်= အရှေ့ဇေတဝန်ဆောင် တွင် တည်ရှိသည်။ ဟင်္သာရုပ်ခံကာ သင်္ကန်းသား ဖြင့် ပြုလုပ်ထားသည်။ ရတနာသုံးပါး ပူဇော်ရာတွင် အသုံးပြုသည်။

၃။သင်္ခါသနပလ္လင်= လေသာဆောင်(ခေါ်) ဗောင်းတော်ဆောင်တွင် တည်ရှိသည်။ ခရုသင်းရုပ်ခံ ကာ သရက်သားဖြင့် ပြုလုပ်ထားသည်။ တရား နာရာတွင် အသုံးပြုသည်။

၄။ ဘမရာသနပလ္လင်= မှန်နန်းဆောင်တွင် တည်ရှိသည်။ ပိတုန်းရုပ်ခံကာ ကရဝေးသားဖြင့် ပြုလုပ်ထားသည်။ စက်တော်ခေါ်ရာတွင် အသုံးပြု သည်။

၅။ ဂဇာသနပလ္လင်= ဗြဲတိုက်ဆောင်တွင် တည်ရှိသည်။ ဆင်ရုပ်ခံကာ စကားသားဖြင့် ပြုလုပ် ထားသည်။ ရာထူးများချီးမြှင့်မြှောက်စား၊ နှိမ့်ချရာ တွင် အသုံးပြုသည်။

၆။ မရူရာသနပလ္လင်= မြောက်စမုတ်ဆောင် တွင် တည်ရှိသည်။ ဥဒေါင်းရုပ်ခံကာ ပေါက်သားဖြင့် ပြုလုပ်ထားသည်။ ဆင်၊ မြင်း တိုင်းနိုင်ငံသိမ်းပိုက် ရာတွင် အသုံးပြုသည်။



၇။ မိဂါသနပလ္လင်= တောင်စမုတ်ဆောင်တွင် တည်ရှိသည်။ သမင်ရုပ်ခံကာ ရေသဖန်းသားဖြင့် ပြုလုပ်ထားသည်။ ဆွေးနွေးတိုင်ပင်ရာတွင် အသုံး ပြုသည်။

၈။ ပဒုမာသနပလ္လင်= အနောက်ပွဲတက် ဆောင်တွင် တည်ရှိသည်။ ပဒုမ္မာကြာပွင့်ခံကာ ပိန္နဲသားဖြင့် ပြုလုပ်ထားသည်။ မိဖုရား၊ မောင်းမ များ၏ အပူဇော်ခံရာတွင် အသုံးပြုသည်။

ထိုသို့ ပလ္လင်တော်ရှစ်ခန်း နန်းမကိုးဆောင် ဖြင့် ကြီးကျယ်ခမ်းနားစွာ ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်လာခဲ့ရသည့် ရှေးမြန်မာမင်းများ၏ မန္တလေး မြို့တော်ကြီးသည် တင့်တယ်ထည်ဝါလှသည့် အဖြစ်ကို ပြန်ပြောင်းကာ တမ်းတမ်းတတ ဖွဲ့သီ ထားသည်မှာ လွမ်းမောစရာ ကောင်းလှပေသည်။

**'မန်းမြေခိုလှုံရတာမို့ × × တစ်ဖုံယဉ်ကျေး × × × တွက်စစ်လို့ဖော်× × × တွက်စစ်လို့ဖော် × × × သက္ကရာဇ်တော်× × × အက္ခရာနှင့် ရေးရရင်ဖြင့် × × × ဂဏန်းခေါ်သင်္ချာနှင့် တွေးကြပါတော့× × × အုတ်× × ကျစ် × × ကျော်× × အေး× × ကျွန်တော်တို့ မန္တလေး× × ×'**

မန္တလေးမြို့တော်ကြီးကို ခိုလှုံခွင့်ရကြသည့် သူများသည် ယဉ်ကျေးသိမ်မွေ့ကြသည့်သူများဖြစ် ကြောင်း၊ မန်းမြို့သူ၊ မြို့သားများသည် ယဉ်ကျေး ပျူငှာစွာ ပြောဆိုတတ်ပြီး စိတ်သဘောထား ကောင်းကြသူများဖြစ်ကြောင်း ဆိုထားခြင်းဖြစ်ပေ သည်။ စာဆိုသူပညာရှင်၏ အဆိုအမိန့်ကို ကြည့် လျှင် ဝဏ်ဝုတ္တိအလင်္ကာမြောက်စွာ ထူးကဲလှပေ သည်။ မန္တလေးမြို့တည်နန်းတည် ခုနှစ်သက္ကရာဇ် ကို မှတ်မိစေရန်အတွက် စာအက္ခရာကိုဂဏန်း အက္ခရာသင်္ချာနည်းဖြင့် 'အုတ် . . ကျစ် . . ကျော် . . အေး' '၁၂၂၁ ခုနှစ်' ဟု သွယ်ဝိုက်ဆို ထားသည်မှာ မှတ်သားလိုကြသူများအတွက် မှတ်သားရလွယ်ကူစေပါသည်။

အချုပ်ဆိုရသော် ဤခွန်းထောက်သည် မန္တလေးမြို့တော်ကြီး၏ နောက်ခံသမိုင်း တစ်စိတ် တစ်ပိုင်းကိုလည်းကောင်း၊ မန္တလေးမြို့၏ ခမ်းနား ထည်ဝါတင့်တယ်ပုံကိုလည်းကောင်း ပြဆို ဖော်ကျူးထားသော ခွန်းထောက်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**မြန်မာမှူ အေးပေါ်**

# နိုင်ငံတကာ အားကစား သတင်းများ

## ဒါလော့တ် မန်ယူအသင်းကစားသမားဘဝ ပရီးမီးယားလိဂ်ပွဲပေါင်း ၁၅၀ ပြည့်မြောက်



**လန်ဒန် ဒီဇင်ဘာ ၂**

မန်ယူအသင်း နောက်ခံကစားသမား ဒါလော့တ်သည်အသင်း ကစားသမားဘဝ ပရီးမီးယားလိဂ် ပွဲပေါင်း ၁၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် မန်ယူအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို ပွဲပေါင်း ၁၅၀ ပြည့်မြောက်ခဲ့ခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဒါလော့တ်သည် မန်ယူအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၂ပွဲကစားကာ ကိုးဂိုးအထိလည်း သွင်းယူနိုင်ခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဒါလော့တ်က "ကျွန်တော်အခုလို အသင်းနဲ့အတူ ပရီးမီးယားလိဂ် ပွဲပေါင်း ၁၅၀ ပြည့်မြောက်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ မန်ယူအသင်းနဲ့အတူ ဆုဖလားများစွာလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားချင်ပါတယ်"ဟု ပြောသည်။

(အပေါ်ဝဲပုံ)

(NGB)

## အီလီမန်အန်ဒီယာယီ အဲဗာတန်အသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် ဒီဇင်ဘာ ၂**

တောင်ပံကစားသမား အီလီမန်အန်ဒီယာယီ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အဲဗာတန်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။ (အောက်ပုံ)

အသက်(၂၅)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် လီဗာပူးအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တောင်ပံကစားသမား အီလီမန်အန်ဒီယာယီသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၅၀ကစားပြီး ၁၅ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။




အဲဗာတန်အသင်းထုတ်ပြန်ချက်တွင် "အီလီမန်အန်ဒီယာယီ အသင်းတွင် ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။ (NGB)




## ရိုဒရီဂို နောက်ဆုံးကစားထားသည့် ပွဲပေါင်း ၃၀ ဆက်တိုက် ဂိုးပေါက် ပျောက်ဆုံးသည့် မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်

**မက်ဒရစ် ဒီဇင်ဘာ ၂**

ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမား ရိုဒရီဂို နောက်ဆုံးကစားထားသည့် ပွဲပေါင်း ၃၀ ဆက်တိုက် ဂိုးပေါက်ပျောက်ဆုံးသည့် စံချိန်မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဂျီရိုနာအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ပွဲပေါင်း ၃၀ ဆက်တိုက် ဂိုးပေါက်ပျောက်ဆုံးသည့် မှတ်တမ်းဆိုးတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ရိုဒရီဂိုက "ကျွန်တော် အခုလို မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အလွန်စိတ်ပျက်မိပါတယ်။ နောက်လာမည့် ပွဲစဉ်တိုင်းမှာ ဂိုးတွေသွင်းယူနိုင်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် ဒီဇင်ဘာ ၄ ရက်တွင် ဘီလ်ဘာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ရိုဒရီမန်ဒိုဇာအား ခေါ်ယူရန် အာဆင်နယ်အသင်းစိစဉ်

**လန်ဒန် ဒီဇင်ဘာ ၂**

အာဆင်နယ်အသင်းသည် အယ်လ်ချီအသင်း ကွင်းလယ်ကစားသမား ရိုဒရီမန်ဒိုဇာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အယ်လ်ချီအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၁ပွဲ ကစားကာ လေးဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။ (ယာပုံ)

အယ်လ်ချီအသင်းကလည်း ရိုဒရီမန်ဒိုဇာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အယ်လ်ချီအသင်းထံမှ ရိုဒရီဂိုမန်ဒိုဇာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## ဂါနာချို ကစားသမားဘဝ ပရီးမီးယားလိဂ် ပွဲပေါင်း ၁၀၀ ပြည့်မြောက်



**လန်ဒန် ဒီဇင်ဘာ ၂**

ချဲလ်ဆီးအသင်း တောင်ပံကစားသမား ဂါနာချို ကစားသမားဘဝ ပရီးမီးယားလိဂ် ပွဲပေါင်း ၁၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ဂါနာချိုသည် ကစားသမားဘဝတွင် မန်ယူအသင်းအတွက် ၉၃ ပွဲ၊ ချဲလ်ဆီးအသင်းအတွက် ခုနစ်ပွဲ စုစုပေါင်း ပရီးမီးယားလိဂ် ပွဲ ၁၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ဂါနာချိုက "ကျွန်တော်အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းအောင်မြင်မှုများ ရရှိအောင် အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ဝဲပုံ)

(NGB)

## 2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Panna Udvardy ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၂**

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဟန်ဂေရီတင်းနစ်မယ် Panna Udvardy က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ဟန်ဂေရီတင်းနစ်မယ် Panna Udvardy သည် 2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် Varvara Lepchenko ကို ၆-၃၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ Panna Udvardy က "ကျွန်မအခုလို 2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက် လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ)

(NGB)



### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၄-၁၂-၂၀၂၅ နံနက်၀၂:၀၀ နာရီ | အာဆင်နယ် - (W,D,W,W,D) | ဘရန့်ဖို့ဒ် (W,L,W,L,W) | အာဆင်နယ် ၁-၁ ဘရန့်ဖို့ဒ်<br>ဘရန့်ဖို့ဒ် ၁-၃ အာဆင်နယ် |
| ။ | ဘရိုက်တန် - (L,W,D,W,WL) | ဗီလာ (W,W,W,W,W) | ဘရိုက်တန် ၀-၃ ဗီလာ<br>ဗီလာ ၂-၂ ဘရိုက်တန် |
| ။ | ဘန်လေ - (W,L,L,L,L) | ပဲလေ့စ် (W,D,W,L,L) | ဘန်လေ ၀-၂ ပဲလေ့စ်<br>ပဲလေ့စ် ၃-၀ ဘန်လေ |
| ။ | ဝုဖ် - (L,L,L,L,L) | နော်တင်ဟမ် (D,W,W,W,L) | ဝုဖ် ၀-၃ နော်တင်ဟမ်<br>နော်တင်ဟမ် ၁-၁ ဝုဖ် |
| ၄-၁၂-၂၀၂၅ နံနက်၀၂:၄၅ နာရီ | လိဒ်စ် - (W,L,L,L,L) | ချဲလ်ဆီး (D,W,W,W,D) | လိဒ်စ် ၃-၀ ချဲလ်ဆီး<br>ချဲလ်ဆီး ၁-၀ လိဒ်စ် (၂၀၂၂-၂၃) |
| ။ | လီဗာပူး - (W,L,L,L,W) | ဆန်းဒါးလန်း (W,D,D,L,W) | လီဗာပူး ၂-၀ ဆန်းဒါးလန်း<br>ဆန်းဒါးလန်း ၂-၂ လီဗာပူး (၂၀၁၆-၁၇) |

### အရှေ့တောင်အာရှ ဆီးဂိမ်း ယူ-၂၂အမျိုးသားဘောလုံးပြိုင်ပွဲ နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၃-၁၂-၂၀၂၅ ညနေ ၃း၃၀နာရီ | B | လာအို - ဗီယက်နမ် |
| ၃-၁၂-၂၀၂၅ ညနေ၆း၃၀ နာရီ | A | တီမော - ထိုင်း |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၄-၁၂-၂၀၂၅ နံနက် ၀၀း၃၀ နာရီ | ဘီလ်ဘာအို - (L,W,L,D,W) | ရီးရဲလ်မက်ဒရစ် (L,D,D,W,D) | ဘီလ်ဘာအို ၂-၁ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၁-၀ ဘီလ်ဘာအို |

# မဲဆန္ဒရှင်စာရင်းများ ပြည်စုံမှန်ကန်စေရေး Door to Door ဆောင်ရွက်နေမှုများအား မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ကွင်းဆင်းကြည့်ရှုစစ်ဆေး

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးသည် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိ၍ စကားဝါမြေခန်းမတွင် ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများအားတွေ့ဆုံပြီး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များ၊ မဲစာရင်းများ တိကျမှန်ကန်မှုရှိစေရေးနှင့် ပြည်သူများ စိတ်ပါဝင်စားစွာ မဲစာရင်းလာရောက်ကြည့်ရှုရေး အစရှိသည်တို့ကို ဆွေးနွေးမှာကြားပြီး၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသည်။



ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးသည် ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများနှင့်အတူ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ကျောက်ပန်းတောင်း)သို့ ရောက်ရှိပြီး၊ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ Installation လုပ်ငန်းဆောင်ရွက်ခြင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် လွတ်လပ်ရေးရပ်ကွက်၊ တမ္ပဝတီရပ်ကွက်၊ ဈေးကွက်သစ်ရပ်ကွက်နှင့် လယ်ယားတောင်ကျေးရွာတို့တွင် ဒုတိယအကြိမ် မဲစာရင်းကပ် ကြေညာထားရှိမှုတို့အား ကြည့်ရှုခဲ့ပြီး၊ မဲစာရင်းများ တိကျမှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း Door to Door ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)(၄၅၆)

# ဆေးတက္ကသိုလ်(တောင်ကြီး)၏ ဒုတိယအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပ

တောင်ကြီး ဒီဇင်ဘာ ၂

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ် (တောင်ကြီး)၏ ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို တောင်ကြီးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် ဆေးတက္ကသိုလ်(တောင်ကြီး)ပါမောက္ခချုပ် ဒေါက်တာလှဝင်းမြင့်၊ ဒုတိယပါမောက္ခချုပ်၊ ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များက သက်ဆိုင်ရာဝတ်ရုံအသီးသီးကိုဝတ်ဆင်လျက် ဘွဲ့နှင်းသဘင်စင်မြင့်ပေါ်သို့ အစီအစဉ်အတိုင်း တက်ရောက်ကြရာ မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်ကြသည်။ ထို့နောက် ဆေးပညာဘွဲ့ရမောင်မယ်များအား ဆေးတက္ကသိုလ်(တောင်ကြီး)ပါမောက္ခချုပ်က အဓိဋ္ဌာန်ပြုကတိသစ္စာခံယူစေပြီး၊ ဆေးပညာဘွဲ့ရရှိသူ ၈၂ ဦးအား ဆေးပညာဘွဲ့များ အသီးသီး ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ဆေးတက္ကသိုလ်(တောင်ကြီး)ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားရာတွင် အခြေခံဆရာဝန်တစ်ဦးအနေဖြင့် ကျန်းမာရေးမြှင့်တင်ခြင်း၊ ရောဂါကာကွယ်ခြင်း၊ ဆေးကုသခြင်း၊ လူနာများကို ပြုစုခြင်းများအပြင် စီမံခန့်ခွဲရေးကိစ္စရပ်များကို နားလည်တတ်ကျွမ်းပြီး ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း၊ စိတ်ကောင်းစေတနာမှန်ရှိသည့် ပညာပြည့်ဝထူးချွန်ထက်မြက်သည့် ပြည်သူလုထုအားကိုးရသည့် ဆရာဝန်ကောင်းများ ဖြစ်လာအောင် စဉ်ဆက်မပြတ် ကြိုးစားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါဆေးပညာတက္ကသိုလ် (တောင်ကြီး)၏ ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခ ဒေါက်တာတင်ထွန်း၊ ညွှန်ကြားရေးမှူး ဒေါက်တာကျော်စိုးညွှန့်နှင့် ဘွဲ့ရမောင်မယ်များ၏ မိဘဆွေမျိုးများတက်ရောက်ကြပြီး၊ ဆေးပညာဘွဲ့ရရှိသူ စုစုပေါင်း ၈၂ ဦးတို့အား ဆေးပညာဘွဲ့များ ချီးမြှင့်အပ်နှင်းပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)






# ဆောင်းရာသီနှင့် ကျန်းမာရေး အသိပညာပေး ဟောပြော၊ စာဖတ်ဝိုင်းနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

မန္တလေး ဒီဇင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန ပြည်သူ့စာကြည့်တိုက်၌ ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ဆောင်းရာသီနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲ၊ စာဖတ်ဝိုင်းနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆောင်းရာသီရောက်လာသည့်အချိန်တွင်ဖြစ်တတ်သော ရောဂါများအကြောင်း၊ ဆောင်းရာသီတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ၊ ကိုယ်လက်လှုပ်ရှားကျန်းမာရေးများ လုပ်ဆောင်ဖို့ရန် လိုအပ်ကြောင်း အသိပညာပေး ဟောပြောခဲ့သည်။ (အပေါ်ပုံ)

ဆက်လက်၍ တက်ရောက်လာသည့် အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသူလေးများက ဆောင်းရာသီနှင့်ကျန်းမာရေး သက်ဆိုင်သည့် စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုများလည်း ပေးအပ်ချီးမြှင့်ခဲ့သည်။ စာဖတ်ဝိုင်းတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က ကျောင်းသား၊ ကျောင်းသူများ စာများများ ဖတ်ဖို့ရန်၊ စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် စာပေအကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသည့် ကျောင်းသူလေးများကလည်း သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ၊ စာအုပ်၊ စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ပြသဆောင်ရွက်ခဲ့ရာ တက်ရောက်လာသည့် ကျောင်းသူလေးများက စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

စင်မင်းမောင်(ခရိုင်ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မင်းဘူး ဒီဇင်ဘာ ၂

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၏ ၂၀၂၆ ခုနှစ်၊ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီး စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေး ခရိုင်အဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ကျင်းပမည့် မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး တက်ရောက်လာသော ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာလုပ်ငန်းကော်မတီအသီးသီးက တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းအမျိုးအစားအလိုက် ရှင်းလင်းတင်ပြသည်။

အဆိုပါအစည်းအဝေးတွင် ပင့်သံဃာဆရာတော်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် ဝေယျာဝစ္စလုပ်ငန်းများ၊ ဘုရားပွဲတော်မုခ်ဦးနှင့် ဖွင့်ပွဲအခမ်းအနားပြင်ဆင်ရေး၊ ဘုရားပွဲမြေနေရာ (မန်းချောင်းသောင်ပြင်)ပြင်ဆင်ရေး၊ အဆောက်အအုံ၊ အထူးတဲတား၊ ဈေးဆိုင်ခန်း၊ တည်းခိုဆောင်များ နေရာချထားရေးနှင့် ဆောက်လုပ်ရေး၊ ပွဲတော်နှင့်ပတ်သက်သည့် တင်ဒါ၊ လေလံခေါ်ယူရောင်းချရေးလုပ်ငန်းများ၊ လျှပ်စစ်မီး၊ ကျန်းမာရေး၊ သတင်းနှင့် ပြန်ကြားရေး၊ ဘုရားပွဲတော်လုံခြုံရေး စသည့် ကဏ္ဍအလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းများအား ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့သည်။

မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၏ ၂၀၂၆ ခုနှစ်၊ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို နှစ်စဉ်ကျင်းပမြဲဖြစ်သော(တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ ရက်ပေါင်း (၈၆)ကြာ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေး ဦးစီးကော်မတီထံမှ သိရသည်။

(အောက်ပုံ)

(၅၀၀)

၀-၀-၀-၀-၀-၀-၀



## မြတ်ဆရာပူဇော်ပွဲ ကျင်းပ

**ပုသိမ်ကြီး ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၏ နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပကြသည်။




အစီအစဉ်အရ ပုသိမ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီး ၁၃၁ ဦးအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ကန်တော့ခံဆရာကြီး ဦးချစ်သိန်းနှင့် ဆရာမကြီး ဒေါ်ဝင်းမေတို့က မုဒိတာစကားပြောကြားသည်။ ထို့နောက် မြတ်ဆရာပူဇော်ပွဲ နာယက ဦးတင့်ဆွေနှင့် ဥက္ကဋ္ဌ ဦးထွေးအောင်တို့က မြတ်ဆရာပူဇော်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပုသိမ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် လိုအပ်လျက်ရှိသော စတီခုံတစ်စုံနှင့် ငလျင်ဒဏ်သင့်သော အုတ်တံတိုင်းများအတွက် ကျောင်းသား၊ ကျောင်းသူဟောင်းများက စုပေါင်းပြုပြင် လှူဒါန်းကြကြောင်း သိရသည်။

(ဝဲပုံ) (ဝ၉၁)

## နိဗ္ဗာန ပစ္စယနာဂရာဇာဘွဲ့ခံ ဆင်ဖြူတော်နှစ်စီးရုပ်တု ပြုပြင်တည်ဆောက်ပြီးစီးမှုအထိမ်းအမှတ် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂**

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက် အိမ်တော်ရာ ဆင်တံတားရှိ နိဗ္ဗာန ပစ္စယနာဂရာဇာဘွဲ့ခံ ဆင်ဖြူတော်နှစ်စီးရုပ်တု ပြုပြင်တည်ဆောက်ပြီးစီးမှုအထိမ်းအမှတ် ဆွမ်းဆန်တော် လောင်းလှူပွဲကို ယမန်နေ့ နံနက် ၇နာရီက ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မိုးကောင်းတိုက် သုံးထပ်စာချကျောင်း ဆရာတော် ဘဒ္ဒန္တဝိစ္စရ အမှူးပြုသော ဆရာတော်ခုနစ်ပါးကြွရောက်တော်မူကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူး အေးလင်းထွန်း၊ မဟာလောကရံသီ အိမ်တော်ရာစေတီတော်ဂေါပကအဖွဲ့ဒုဥက္ကဋ္ဌ ဦးလင်းဖြိုး၊ အတွင်းရေးမှူး ဦးတင့်ထူးလွင်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ပြီး သုံးထပ်ကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆင်မင်း၏ သက်တော် ၁၇၇ နှစ်အား ရည်မှန်း၍ ဘုရားအမှူးပြုသော သံဃာတော် ၁၇၇ ပါးတို့ကို အလှူရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ စုပေါင်းလောင်းလှူခဲ့ကြသည်။

ယင်းတံတားကို ဘိုးတော်ဘုရားလက်ထက် ၁၁၆၈ ခုနှစ်က ဟံသာဝတီမြို့၊ တောင်နိဗ္ဗာန်ရွာရှေ့၊ ကွင်းသာယာအရပ်တွင် တွေ့ရှိရမိသောကိုယ်လုံးမှာ ဗိုင်းဝါဂွမ်းကဲ့သို့ ဖြူစင်နူးညံ့သော နိဗ္ဗာနပစ္စယနာဂရာဇာဘွဲ့ခံ ဆဒ္ဒန်ဆင်မင်း၏ ငွေတော်နှင့် တည်လုပ်သောကြောင့် ဆင်မင်းတံတားဟု ခေါ်သည်။ ဆင်မင်း၏ ကောင်းမှုကုသိုလ်တော်ဖြစ်ကြောင်း ထင်ရှားစေရန် အုတ်တံတား၏ အရှေ့ဘက်ထိပ် ရွှေတချောင်းအနီးဘေးဝဲ၊ ယာနှစ်ဖက် ဆင်မင်း၏ ရုပ်တုကို တည်ထားခဲ့ပြီး ရှေးယခင်က ပြာသာဒ်အမိုးတို့ဖြင့် ခံ့ညားစွာ ဆောက်လုပ်ထားရှိကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၇၂)

## တစ်အိမ်တက်ဆင်း မြေပြင်စာရင်းတိုက်ဆိုင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၂**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို စတင်၍ ကျင်းပသွားမည်ဖြစ်ရာ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲဆန္ဒပေးပိုင်ခွင့်ရှိသူပြည်သူများ မိမိတို့၏ ဆန္ဒမဲပေးပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေး၊ အတွက် မဲစာရင်းတွင် အမည်ပါရှိ မဲပေးနိုင်ရေး၊ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း မြေပြင်ကွင်းဆင်းကာ တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေးမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာ ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက အမရပူရခရိုင်၊ အမရပူရမြို့နယ်အတွင်း (Door to Door) တစ်အိမ်တက်ဆင်း ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ တိုက်ဆိုင်စစ်ဆေးမှု လုပ်ငန်းစဉ်များကို တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ပါဝင်သည့် တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းအဖွဲ့ဖြင့် အမရပူရခရိုင်၊ အမရပူရမြို့နယ်အတွင်းရှိ မှန်တန်း၊ ဈေးချို၊ လေးစု၊ အိုးတော်၊ တောင်ကြီး၊ ဆင်စွယ်ပွတ်၊ ရွှေဥမ်းထုပ်၊ ဟသ်ာ၊ ဘုံးအိုး၊ ရှမ်းကလေးကျွန်း စသည့်ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း တစ်အိမ်တက်ဆင်း(Door to Door) မြေပြင်ကွင်းဆင်းစာရင်းတိုက်ဆိုင်စစ်ဆေးပေးကြပြီး ပုံစံ-၃ ဖြင့် ဖြည့်စွက်ခြင်း၊ ပုံစံ-၄ ဖြင့် ပယ်ဖျက်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(မန္တလေးနေ့စဉ် ၄)



## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး တစ်အိမ်တက်ဆင်း Door to Door စနစ်ဖြင့် ကွင်းဆင်းစိစစ်ဆောင်ရွက်ပေး

**မကွေး ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး မဲဆန္ဒရှင်အမည်စာရင်းများကို ဒုတိယအကြိမ် ကပ်ထားကြေညာပေးခဲ့ပြီးဖြစ်ရာ မဲစာရင်းကျန်ရှိမှုများ မဖြစ်ပေါ်စေရေးအတွက် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများမှ အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်း ဖြစ်သည့်အတွက် မဲစာရင်းများကို အိမ်တိုင်ရာရောက် တစ်အိမ်တက်ဆင်း Door to Door စနစ်ဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်ရေး သက်ဆိုင်ရာ ဌာနဆိုင်ရာအသီးသီး ပါဝင်သည့် အဖွဲ့များဖွဲ့စည်း၍ နိုဝင်ဘာ ၃၀ ရက်က မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု (၇၆)အုပ်စုတွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မကွေးမြို့နယ်အနေဖြင့် တစ်အိမ်တက်ဆင်း Door to Door စနစ်ဖြင့် ယမန်နေ့မှ စတင်၍ တိုက်ဆိုင်စစ်ဆေးရေးအဖွဲ့များအလိုက် ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ တတိယအကြိမ် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်း ကြေညာရာတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးနှင့် မဲစာရင်းတွင် ပါဝင်သင့်သူများ မကျန်ရှိစေရေး၊ မဲစာရင်းတွင် မပါဝင်သင့်သူများ မပါရှိစေရေးအတွက် မိမိတို့နေထိုင်ရာဒေသတွင် ပုံစံ(၆၆/၆)ရှိပြီး မဲစာရင်း၌ မိမိအမည်မပါဝင်သည့် ပြည်သူများအား ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာ ပုံစံ(၄)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ(၄-က)ဖြင့်လည်းကောင်း ဆောင်ရွက်နိုင်ရေး တိုက်ဆိုင်စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)



## သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး (HPV) ထိုးနှံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပျော်ဘွယ် ဒီဇင်ဘာ ၂**

ပျော်ဘွယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ အသက် ၉ နှစ်မှ အသက် ၁၂ နှစ် မပြည့်သေးသူ အမျိုးသမီးငယ်များအား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး(HPV) ထိုးနှံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။



ရှေးဦးစွာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာလဲ့လဲ့အောင်က နိုင်ငံအတွင်း သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံပေးနေမှုအခြေအနေများ၊ စာရင်းကောက်ယူခြင်းနှင့် ကာကွယ်ဆေးထိုးနှံမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် နီးနွယ်ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြပြီး အသက် ၉ နှစ်မှ အသက် ၁၂ နှစ် မပြည့်သေးသူ အမျိုးသမီးငယ်များအား စာရင်းကောက်ယူခြင်း၊ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး(HPV) ထိုးနှံပေးခြင်းတို့ကို ဒီဇင်ဘာလအတွင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## နူးညံ့လှပတဲ့ လက်တစ်စုံကို ပိုင်ဆိုင်ချင်ရင် ဒီအချက်တွေကို လုပ်ပါ



လူတစ်ယောက်မှာ မျက်နှာနဲ့ ခန္ဓာကိုယ်အလှအပြင် လက်ချောင်းလေးတွေ သေးသွယ်နေပြီး လက်အသားအရေက တင်းရင်းစိုပြည်တာကလည်း ဆွဲဆောင်မှုတစ်ခုပါပဲ။

နေဒဏ်၊ လေဒဏ်ခံရခြင်း၊ အိမ်မှုကိစ္စလုပ်ရခြင်း၊ အားကစားလုပ်ခြင်းများကြောင့် လက်ချောင်းတွေနဲ့ လက်အသားအရေက မည်းညစ်ပြီး အရောင်မညီ၊ တင်းရင်းစိုပြည်မှု မရှိတာတွေ ဖြစ်တတ်ပါတယ်။

လက်အသားအရေက ခန္ဓာကိုယ်ရဲ့ အခြားနေရာတွေထက် အသက်အရွယ်ကို မြန်မြန် ပြသတတ်တာကြောင့် ဂရုစိုက်ဖို့ လိုအပ်တဲ့အတွက် ဂရုစိုက်ရမယ့် နည်းလမ်းတွေကို မျှဝေပေးလိုက်ပါတယ်။

၁။ လက်အသားအရေ စိုပြည်လှပနေဖို့ အရေးအကြီးဆုံးက အစိုဓာတ်ပါပဲ။ လက်ကို ရေချိုး၊ ပန်းကန်ဆေး၊ လက်ဆေးပြီးတိုင်း ချက်ချင်း Hand Cream ကို လက်ဖဝါး၊ လက်ဖမိုးနှင့် လက်ချောင်းများ ပေါ်လိမ်းပေးပါ။ ညအိပ်ရာ ဝင်ခါနီးမှာ အဆီဓာတ်ပိုများတဲ့ ခရင်မ်အမျိုးအစားကို ခပ်ထူထူလိမ်းပြီး အိပ်စက်ပါ။

၂။ လက်တွေမှာ အမည်းစက်(Age Spots)တွေ ဖြစ်ပေါ်ခြင်းရဲ့ အဓိကအကြောင်းအရင်းက နေရောင်ခြည်ကြောင့်ပါပဲ။ မျက်နှာကို လိမ်းသလိုပဲ လက်တွေကိုလည်း အပြင်မထွက်ခင် SPF 30 အနည်းဆုံးပါတဲ့ Sunscreen ကို လိမ်းပေးပါ။ နေ့ခင်းဘက်ဆိုရင် နှစ်နာရီခြားတစ်ခါ ပြန်လိမ်းပေးသင့်ပါတယ်။

၃။ လက်ကို ရေနွေးနွေး (သို့မဟုတ်)ရေအေးဖြင့်သာ ဆေးကြောသင့်ပါတယ်။ ရေနွေးက လက်အသားအရေမှ သဘာဝအဆီတွေကို ဖယ်ရှားပြီး ခြောက်သွေ့စေနိုင်တာကြောင့် ပန်းကန်ဆေး၊ အဝတ်လျှော်၊ သန့်ရှင်းရေးစတဲ့ အိမ်မှုကိစ္စတွေလုပ်တဲ့အခါမှာ ရေစိုခံလက်အိတ်(Gloves)တွေကို ဝတ်ပါ။ ဒီလိုလုပ်ခြင်းအားဖြင့် ဆပ်ပြာနဲ့ ဓာတုပစ္စည်းတွေရဲ့ ထိခိုက်မှုကို ကာကွယ်ပေးပါတယ်။

၄။ ပျားရည်၊ သံလွင်ဆီ၊ ရှားစောင်းလက်ပပ်တွေကို ရောစပ်ပြီး လက်ပေါ် ၁၅ မိနစ်ခန့် ပေါင်းတင်ပေးခြင်းအားဖြင့် လှပနူးညံ့တဲ့ လက်အသားအရေကို ရရှိစေမှာပါ။

၅။ လက်သည်းတစ်ဝိုက်မှာရှိတဲ့ အရေပြား (Cuticles) ကို ခြောက်သွေ့မှုမရှိစေဖို့ Cuticle Oil(သို့မဟုတ်) Vaseline အမြဲလိမ်းပေးပါ။

ဒီအဆင့်တွေကို နေ့စဉ်ပုံမှန် လုပ်ဆောင်သွားမယ်ဆိုရင် သင့်ရဲ့ လက်အသားအရေဟာ နူးညံ့ချောမွေ့နေမှာဖြစ်ပြီး လှပတဲ့ လက်တစ်စုံကို ပိုင်ဆိုင်ရမှာဖြစ်ပါတယ်။

**Daisy**



## အသားအရေ နူးညံ့ချောမွေ့စေမယ့် ပျားရည်၊ ငှက်ပျောသီး ပေါင်းတင်နည်း

မျက်နှာအသားအရေ စိုပြည်နူးညံ့စေဖို့အတွက် နေ့စဉ် အသားအရေထိန်းသိမ်းမှုတွေ ပြုလုပ်ဖို့ကလည်း လိုအပ်တဲ့အပြင် တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ စသည်ဖြင့် အသားအရေ ပိုမိုကောင်းမွန်လှပစေဖို့ ကြေး(ကျေး)ချွတ်၊ ပေါင်းတင်တာတွေ ပြုလုပ်ပေးဖို့ လိုအပ်ပါတယ်။ ဒီတစ်ပတ်မှာတော့ အလှအပချစ်သူတွေအတွက် ပျားရည်နဲ့ ငှက်ပျောသီးကို အသုံးပြုပြီး အသားအရေ စိုပြည်နူးညံ့စေမယ့် မျက်နှာပေါင်းတင်နည်းကို ဖော်ပြပေးလိုက်ပါတယ်။

သဘာဝပျားရည်နှင့် ငှက်ပျောသီး ပေါင်းတင်နည်းက အသားအရေကို ရေဓာတ်အပြည့်အဝပေးပြီး အသားအရေ နူးညံ့ချောမွေ့စေဖို့ အကောင်းဆုံးပါပဲ။

လိုအပ်တာတွေကတော့ ငှက်ပျောသီးမှည့်၊ ပျားရည်နဲ့ ဒိန်ချဉ်တို့ပဲ ဖြစ်ပါတယ်။

ခွက်တစ်ခုထဲမှာ ငှက်ပျောသီးတစ်လုံးကို ခရင်း(သို့မဟုတ်) ဇွန်းဖြင့် ပျော့အိသွားအောင် ချေပြီးလျှင် ပျားရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ ဒိန်ချဉ် လက်ဖက်ရည်ဇွန်းတစ်ဇွန်း ထည့်ပြီး သမအောင် မွှေပါ။

မျက်နှာ သန့်စင်အောင် ဆေးကြောပြီးနောက် မျက်နှာနဲ့ လည်ပင်းတစ်ဝိုက်မှာ နယ်ထားတဲ့ ငှက်ပျောသီးပေါင်းတင်အနှစ်ကို ညင်သာစွာလိမ်းပြီး ၁၅ မိနစ်ခန့် ထားပေးပါ။

အချိန်ပြည့်သွားရင် ရေအေး(သို့မဟုတ်)ရေနွေးနွေးလေးဖြင့် မျက်နှာကို သေချာဆေးကြောပြီးရင် ပုံမှန်လိမ်းနေကျ အစိုဓာတ်ထိန်းခရင်မ် (Moisturizer)ကို လိမ်းပေးပါ။

ဒီနည်းအတိုင်း တစ်ပတ်လျှင် နှစ်ကြိမ် ပေါင်းတင်ပေးနိုင်ပါတယ်။ ပိုမိုအေးမြလန်းဆန်းစေချင်ရင် ပေါင်းတင်အနှစ်ကို ရေခဲသေတ္တာထဲ ခဏထည့်ပြီးမှ လိမ်းပေးနိုင်ပါတယ်။ **Daisy**

## မျက်နှာအဆီပြန်ခြင်းကို သက်သာစေမယ့် မုယောစပါး Face Mask

မျက်နှာအသားအရေ အဆီပြန်ခြင်းကို သက်သာစေပြီး ကြည်လင်ဝင်းပစေမယ့် အိမ်တွင်းဖြစ် မုယောစပါး ပေါင်းတင်နည်း (Face Mask) ကို မျှဝေပေးချင်ပါတယ်။ ဒီနည်းလမ်းက မျက်နှာအသားအရေပေါ်က အဆီပိုတွေကို စုပ်ယူပေးပြီး ချွေးပေါက်တွေကို သန့်စင်စေပါတယ်။

သဘာဝ သခွားသီးနှင့် မုယောစပါး (Oatmeal)ပေါင်းတင်နည်း သခွားသီးက အသားအရေကို အေးမြစေပြီး ရေဓာတ်ဖြည့်ပေးပါတယ်။ မုယောစပါး (Oatmeal) က အဆီပိုတွေနဲ့ အညစ်အကြေးတွေကို ညင်သာစွာ စုပ်ယူပေးပါတယ်။

လိုအပ်သောပစ္စည်းတွေကတော့ သခွားသီး၊ မုယောစပါး၊ အုတ်ဂျုံ(Oatmeal)၊ ပျားရည်တို့ပဲ ဖြစ်ပါတယ်။

သခွားသီးတစ်လုံးကို အခွံခွာပြီး ဖျော်ရည်စက်ထဲမှာ အနှစ်ဖြစ်အောင် ကြိတ်လိုက်ပါ။ ကြိတ်ထားသော သခွားသီးအနှစ်ထဲကို မုယောစပါး ထမင်းစားဇွန်း တစ်ဇွန်းနဲ့ ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းထည့်ပြီး အနှစ်ရသည်အထိ သမအောင် မွှေပါ။

မျက်နှာကို သန့်စင်အောင် ဆေးကြောပြီးရင် မျက်နှာနှင့် လည်ပင်းတစ်ဝိုက်မှာ ရောမွှေထားတဲ့ ပေါင်းတင်အနှစ်ကို ညင်သာစွာ လိမ်းပေးပြီး မိနစ် ၂၀ ခန့် ပေါင်းတင်ထားပေးပါ။ အချိန်ပြည့်ရင် ရေအေးနဲ့ သေချာ ဆေးကြောပါ။

မုယောစပါးက ချွေးပေါက်ထဲက အညစ်အကြေးတွေကို သန့်စင်ပေးတဲ့အတွက် မျက်နှာသစ်တဲ့အခါမှာ သေချာပွတ်တိုက်ပြီး ဆေးတာက ပိုကောင်းပါတယ်။

မျက်နှာသစ်ပြီးသွားရင်တော့ အဆီမပါတဲ့ (Oil-free) အစိုဓာတ်ထိန်းခရင်မ်(Moisture) ကို လိမ်းပေးပါ။ တစ်ပတ်ကို နှစ်ကြိမ် ပေါင်းတင်ပေးနိုင်ပါတယ်။ သခွားသီးအစား ရှားစောင်းလက်ပပ်ဂျယ်(Aloe Vera Gel) ကိုလည်း အသုံးပြုနိုင်ပါတယ်။

ဒီပေါင်းတင်နည်းက မျက်နှာအသားအရေ အဆီပြန်တာကို သိသိသာသာ သက်သာစေပြီး အသားအရေကို စိုပြည်ကြည်လင်လန်းဆန်းစေပါတယ်။ **Daisy**





## အွန်လိုင်းမှာခေတ်စားနေတဲ့ Old Money Aesthetic ဖက်ရှင်

Old Money ဆိုသည်မှာ မျိုးရိုးအစဉ်ဆက် ချမ်းသာပြီး အစဉ်အလာကြီးမားတဲ့ အထက်တန်းလွှာမိသားစုတွေကို ဆိုလိုတာ ဖြစ်ပါတယ်။ သူတို့ရဲ့ ဝတ်ပုံစားပုံ ဖက်ရှင်တွေက ခေတ္တခေတ်စားတဲ့ဖက်ရှင်တွေနောက်ကို မလိုက်ဘဲ ရိုးရှင်းပြီး အရည်အသွေးမြင့်မားမှုကို အဓိကထားပြီး သူတို့ရဲ့ ကြွယ်ဝချမ်းသာမှု၊ ဂုဏ်ဒြပ်တွေကို ရည်ညွှန်းပြသနေတဲ့ ပုံစံမျိုးဖြစ်ပါတယ်။

ဒီဖက်ရှင်ဟာ တစ်ခုခုကို အသားပေးဖော်ပြထားခြင်းမရှိဘဲ အရည်အသွေး မြင့်မားခြင်း၊ သပ်ရပ်ရိုးရှင်းခြင်းနဲ့ အချိန်တိုင်း ဝတ်ဆင်နိုင်ခြင်း (Timeless)ကို အဓိကထားတဲ့ ဖက်ရှင်ဖြစ်ပါတယ်။

Old Money Aesthetic ရဲ့ အရောင်တွေကတော့ အဖြူ၊ အနက်၊ နက်ပြာ၊ မီးခိုး၊ အသားရောင်စတဲ့ ကြားနေအရောင်များ (Neutrals)ကို အဓိက အသုံးပြုပြီး သဘာဝပိတ်စများဖြစ်တဲ့ သိုးမွေး၊ ပိုး၊ အရည်အသွေးမြင့် ချည်သား၊ ပိတ်စ စတာတွေကို အဓိကထား ဝတ်ဆင်ပါတယ်။

ကမ္ဘာကျော်အမှတ်တံဆိပ်တွေရဲ့ Brand Logo တွေ၊ ဒီဇိုင်းဆန်းတွေကို ရှောင်ပြီး ရိုးရှင်းတဲ့ ပုံစံတွေကိုသာ ဝတ်ဆင်လေ့ရှိပါတယ်။ Old Money Aesthetic ဖက်ရှင်တွေကို ပုံနဲ့တကွ ဖော်ပြပေးလိုက်ပါတယ်။

**Daisy**



## စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



စဉ့်ကိုင် ဒီဇင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်သူများ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အသိပညာဗဟုသုတများ ကြွယ်ဝစေရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက စဉ့်ကိုင်မြို့နယ် မြို့သစ်ရပ်ကွက်တွင် စားသုံးသူရေးရာ အသိပညာပေးပွဲဟောပြောပွဲနှင့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ စဉ့်ကိုင်မြို့နယ် တာဝန်ခံ ဒုတိယဦးစီးမှူး ဦးစိုးလွင်က စားသုံးသူများအနေဖြင့် မိမိတို့ ဝယ်ယူသည့်ပစ္စည်းများနှင့် အခြေခံ ဝန်ဆောင်မှုများရရှိသည့်အပေါ် စိတ်ကျေနပ်မှုရရှိစေခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရှိခြင်း၊ လိုအပ်သောသတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာသိရှိခွင့်နှင့် ပြေစာ သို့မဟုတ် အထောက်အထားရယူခွင့်ရှိခြင်း၊ ဈေးကွက်အတွင်းရှိ စားသုံးသူစိတ်ကြိုက်ရွေးချယ်ဝယ်ယူခွင့်ရှိခြင်း၊ စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုများရှိပါက ရှင်းလင်းတင်ပြခွင့်နှင့် တိုင်ကြားခွင့်ရရှိစေခြင်း၊ နစ်နာဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ ကုစားခွင့်ရှိခြင်း၊ အသိပညာဗဟုသုတများ၊ အခွင့်အရေးများအကြောင်း အသိပညာပေးဟောပြောခဲ့သည်။ (ဝဲပုံ)

အသိပညာပေးဟောပွဲအပြီးတွင် ပြည်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ရာ ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၄၈၅)

## ပြည်သူ့စာကြည့်တိုက်တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီပြိုင်ပွဲ ကျင်းပ



တောင်တွင်းကြီး ဒီဇင်ဘာ ၂

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက် နေ့လယ် ၁နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

ရေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကောင်းသောယှဉ်ပြိုင်လိုစိတ်များရှိစေရန်၊ စာကြည့်တိုက်သို့ စဉ်ဆက်မပြတ်ဝင်ထွက်သွားလာတတ်သည့် အလေ့အထများ ဖြစ်ပေါ်စေရန်နှင့် လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏အနှစ်သာရများ၊ လွတ်လပ်ရေးနေ့နှင့်ပတ်သက်သည့် ဗဟုသုတများအား လေ့လာသိရှိနိုင်စေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီပြိုင်ပွဲကို ကျင်းပရာ မြို့မ အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား အခမ်းအနားဖြင့် ဆုများပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

နောင်နောင်(မိဿနိုးမြေ)

## ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ



ကျေးသီး ဒီဇင်ဘာ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကဗျာရွတ်ဆိုပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၉နာရီခွဲက ကျင်းပခဲ့သည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ(တာဝန်ပေး) ဒေါ်စန်းစန်းယဉ်က ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး လူငယ်လေးများအား ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်၊ လူငယ်များ နှုတ်မှုစွမ်းရည်ကြွယ်ဝစေရန်၊ လူအများကြားတွင် ပြောတတ်ဆိုတတ်စေရန်၊ စာပေဖတ်ရှုသည့် အလေ့အထရှိစေရန်၊ မှတ်ဉာဏ်စွမ်းရည်ကြွယ်ဝစေရန်နှင့် အသိပညာအတတ်ပညာများအကြောင်း၊ အထွေထွေဗဟုသုတများအကြောင်း၊ စာအုပ်၊ စာပေများဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ ကဗျာရွတ်ဆိုပြိုင်ပွဲသို့ အခြေခံပညာမူလတန်းလွန်ကျောင်းအမက(လုံပု)မှ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအားဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)




မျက်စိ လျှကြ
မျက်ကြည်ရ၊
မြတ်သည့်
လျှဒါန။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## လှသော မွှေးသော ပန်းလေးများ

* ဖြူ နီ ပြာ ဝါ၊ ရောင်စုံဖြာသည်
ပွင့်လွှာမွှေးသင်း၊ ပန်းတစ်ခင်း။
* ပန်းခင်းအလယ်၊ ပွင့်မမယ်သည်
ပင်နွယ်သေးကွေး၊ ပန်းကလေး။
* ပန်းကလေးသည်
ပန်းသွေးမပီ၊ ပန်းရည်မပြည့်
ပန်း၏ဂုဏ်အင်၊ မစုံလင်လဲ
သွင်ပြင်ထူးခြား၊ ပန်းစကားဖြင့်
လူသားကျိုးပြု၊ နှုတ်မှု လက်မှု
တစ်ခုခုသော၊ စံပြုထွတ်တင်
တီထွင်ကြံဆ၊ ဂီတ၊ အနုပညာ
စာပေ ပန်းချီ၊ တလီနိုးကြား
အားကစားခြင်း၊ ရိုင်းပင်းကူညီ
ခိုင်တည်ဖြောင့်မတ်၊ ဖြူစိတ်ဓာတ်ဖြင့်
လူ့ရပ်ရွာခွင်၊ အလှဆင်မည်။
* အလှဆင်သူ၊ သွင်မူကွဲပြား
ခြားနားဇာတိ၊ တူမရှိလည်း
ညီသည့်နှလုံး၊ ရွှင်ပြုံးပျော်ကာ
"မင်္ဂလာပါ" နှုတ်ဆက်
လက်ချင်းယှက်၍၊ ပွေ့ဖက်ကြင်နာ
လှသောမွှေးသော၊ ပန်းတို့၏ကမ္ဘာ။
* "ကျွန်ုပ်တို့သည်၊ မတူညီသော်လည်း
တန်ဖိုးရှိသည့်၊ အလှကိုယ်စီရှိကြသည်"
ဂုဏ်ရည်ဖွံ့ဖြိုး၊ စွမ်းအင်တိုးစေ
ပွင့်ဝေပင်လှ၊ ရှင်သန်ကြဖို့
တန်းတူညီမျှ၊ ရယူကြစို့။
* တစ်ဦးဆောင်က၊ မရသော်ငြား
တစ်သောင်းအားဖြင့်၊ စွမ်းအားစုစည်း
ထိန်ညီးဂုဏ်ရောင်၊ ပြည့်ဂုဏ်ဆောင်မည်။
* ပွင့်လီသိမ်နွမ်း၊ မသန်စွမ်းလည်း
ပန်းချင်းတူတူ၊ လူချင်းမျှမျှ
ဘဝပန်းတိုင်၊ ဆွဲကိုင်ခိုင်မာ
နေရာတစ်ခု၊ ရပ်တည်မှုဖြင့်
ကမ်းလင့်လက်များ၊ ထောက်ထားဖေးကူ
မသန်စွမ်းသူတို့၏ စွမ်းဆောင်ရည်များ
လေးစားဖော်ထုတ်ကြပါစို့။ ။

ခင်မျိုးမြင့်ရွှေ(စိတ်ပညာ)

# (၁၈-၁၁-၂၀၂၅)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၁၈)တွင် ဒေါ်ကြူကြူဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ ၎င်း၏ရှေ့နေက ထည့်သွင်းခဲ့သော ကြော်ငြာချက်နှင့်ပတ်သက်၍ အများသိစေရန် ရှင်းလင်းငြင်းဆိုခြင်းနှင့် အသိပေးကြော်ငြာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ညွန့်ပေါင်းရပ်ကွက်၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊ ၃၅လမ်းနှင့် ၃၆လမ်းကြားနေ Golden City Company Limited ၏ ပိုင်ရှင်ဖြစ်သူ ဦးမြင့်စိုး(ဘ)ဦးခင်မောင်သင်း(၉/အမရ(နိုင်)၁၀၄၁၃၈)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ရှင်းလင်းငြင်းဆိုကြော်ငြာအပ်ပါသည်။

၁။ (၁၈-၁၁-၂၀၂၅)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၁၈)တွင် ဒေါ်ကြူကြူဝင်း၏ လွှဲအပ်ချက်အရ ၎င်း၏ရှေ့နေဖြစ်သူ ဦးခင်မောင်ဝင်း(တရားလွှတ်တော်ရှေ့နေ)ထည့်သွင်းကြော်ငြာခဲ့သော "အများသိစေရန် အသိပေးကြော်ငြာခြင်း"ခေါင်းစဉ်ပါ ကြော်ငြာချက်တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်စိုး(Golden City Co.,Ltd)နှင့်ပတ်သက်၍ ဖော်ပြပါရှိသော အချက်အလက်များသည် အမှန်တရားနှင့် လွဲမှားနေသဖြင့် အတိအလင်း ကန့်ကွက်ငြင်းဆိုလိုက်သည်။

၂။ Golden City Co.,Ltd သည် ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်စိုး တစ်ဦးတည်း ပိုင်ဆိုင်သော ကုမ္ပဏီဖြစ်ပြီး အဆိုပါကြော်ငြာချက်တွင် ဖော်ပြပါရှိသော ဦးဇော်မြင့်ထွန်း ဆိုသူသည် Golden City Co.,Ltd ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊ ရှယ်ယာရှင်အဖြစ်သော်လည်းကောင်း မည်သည့်အခါကမျှ ပါဝင်ပတ်သက်ခဲ့ဖူးခြင်းမရှိကြောင်းနှင့် ကုမ္ပဏီနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသူဖြစ်ကြောင်း အတိအလင်း သိစေအပ်ပါသည်။

၃။ ထို့အပြင် သတင်းစာကြော်ငြာချက်တွင် ဖော်ပြထားသည့်(၂၉-၁-၂၀၂၄)ရက်စွဲပါ ကတိစာချုပ်ဆိုသည်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်စိုးအနေဖြင့် လုံးဝသိရှိခြင်းမရှိသည့်အပြင်၊ ပါဝင်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ခြင်းလည်း မရှိပါ။ ဒေါ်ကြူကြူဝင်းနှင့်လည်း အဆိုပါကိစ္စရပ်အတွက် မည်သည့်ကတိကဝတ်ကိုမျှ ထားရှိခဲ့ခြင်းမရှိကြောင်း ငြင်းဆိုပါသည်။

၄။ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်စိုးသည် Golden City Co.,Ltd ၏အမည်ကို အသုံးပြု၍ စာချုပ် ချုပ်ဆိုရန် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်လွှဲအပ်ထားခြင်း၊ ခွင့်ပြုထားခြင်းမရှိသကဲ့သို့ ဦးဇော်မြင့်ထွန်းနှင့်လည်း မည်သည့်စီးပွားရေးလုပ်ငန်းကိုမျှ တွဲဖက်လုပ်ကိုင်နေခြင်းမရှိပါ။

၅။ အထူးသဖြင့် အဆိုပါကြော်ငြာချက်ပါ "ကန်ထရိုက်တာများမှ ကြိုတင်ရောင်းချထားသော"ဟူသည့် စွပ်စွဲဖော်ပြချက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်စိုးသည် အချင်းဖြစ်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော မည်သည့်တိုက်ခန်းကိုမျှ မည်သူတစ်ဦးတစ်ယောက်ထံသို့ လက်မှတ်ရေးထိုးရောင်းချထားခြင်း လုံး၀(လုံး၀)မရှိကြောင်းနှင့် ကုမ္ပဏီအမည်ဖြင့်လည်းကောင်း၊ ကျွန်ုပ်လက်မှတ်ရေးထိုး ရောင်းချထားသည်ဟုဆိုပါက ခိုင်လုံသောစာချုပ်စာတမ်းသက်သေအထောက်အထားမူရင်းများနှင့်တကွ ဒေါ်ကြူကြူဝင်းဘက်မှ တရားဝင်ပြသရန် တာဝန်ရှိကြောင်း ရှင်းလင်းလိုပါသည်။

၆။ သို့ဖြစ်ပါ၍ ဒေါ်ကြူကြူဝင်းနှင့် ဦးဇော်မြင့်ထွန်း တို့အကြား ဖြစ်ပွားသောပြဿနာရပ်များ၊ ပေးရန်ရရန်ကိစ္စရပ်များရှိပါက ကာယကံရှင်များအချင်းချင်းသော ဥပဒေနှင့်အညီ ရှင်းလင်းကြရန်ဖြစ်ပြီး ၎င်းတို့နှင့် မသက်ဆိုင်သော ကျွန်ုပ်မိတ်ဆွေ ဦးမြင့်စိုးနှင့် Golden City Co.,Ltd တို့အား မဆီမဆိုင်ဆွဲထည့်ခြင်း၊ အများပြည်သူအထင်အမြင်လွဲမှားစေရန် ဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်ခြင်းများအား လေးနက်စွာ သတိပေးလိုက်သည်။

၇။ ယခုကဲ့သို့ အခြေအမြစ်မရှိသော စွပ်စွဲချက်များဖြင့် ကျွန်ုပ်မိတ်ဆွေ၏ဂုဏ်သိက္ခာနှင့် ကုမ္ပဏီ၏အကျိုးစီးပွားကို ထိခိုက်စေရန် မဟုတ်မမှန် သတင်းစာကြော်ငြာချက်များ ထည့်သွင်းခြင်း၊ သတင်းဖြန့်ဝေခြင်းများ ဆက်လက်ပြုလုပ်နေပါက ပြုလုပ်သူများအား ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ မလွဲမသွေဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး လူကြီးမင်း၏လုပ်ရပ်များကြောင့် ဖြစ်ပေါ်ခဲ့သော(ဝါ)ဖြစ်ပေါ်လာမည့် ကျွန်ုပ်မိတ်ဆွေ၏နစ်နာမှုအဝဝအတွက် အထွေထွေနစ်နာကြေး၊ အထူးလျော်ကြေးများတောင်းဆိုသွားမည်ဖြစ်သည့်အပြင် တရားတစ်ထုံးစွဲဆိုဆောင်ရွက်ခဲ့ရပါက ကျသင့်မည့်ရှေ့နေစရိတ်၊ တရားစရိတ်များကိုလည်း လူကြီးမင်းတွင်ပင် တာဝန်ရှိစေမည်ဖြစ်ကြောင်း ဒေါ်ကြူကြူဝင်းနှင့် အများသိစေရန် ရှင်းလင်းတားမြစ်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး(LL.B) (တရားလွှတ်တော်ရှေ့နေ) (စဉ်-၇၉၃၃)**

**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ 02-4068839, 09-2006029, 09-792006029, 09-692006029**

**Ladylawyer.khinninisoe@gmail.com**

## ဦးလုန်းနှင့် အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ(၀ ဒသမ ၀၂၈၆)ဧက အကျယ်အဝန်းရှိ အခလွတ်ဂရန်မြေကွက်သည် သက်ဆိုင်ရာ မြို့ပြမြေယာမှတ်တမ်းများ၊ မြေပုံ၊ မြေရာဇဝင်စာရင်းများတွင် ဦးလုန်း အမည်ပေါက်သော အခလွတ်ဂရန်မြေကွက်ဖြစ်ပါသည်။ အထက်ဖော်ပြပါ အခလွတ်ဂရန်မြေကွက်နှင့် မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်အရပ်ရပ်၊ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးလုန်းထံမှ ကျွန်မ ဒေါ်ဝင်းဝင်းမြင့်(၉/မနမ(နိုင်)၀၆၃၅၁၈)က (၇-၁၀-၂၀၁၆)ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ အရောင်းအဝယ်ကတိစာချုပ်အရ ဖော်ပြပါအခလွတ်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် ဦးလုန်းက ဤသတင်းစာကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးလုန်းနှင့် အများသိစေရန် အသိပေးကြော်ငြာပါသည်။

**အသိပေးကြော်ငြာသူ-**

**ဒေါ်ဝင်းဝင်းမြင့်(၉/မနမ(နိုင်)၀၆၃၅၁၈)**

**ဖုန်း ➤ ၀၉-၂၅၉၂၂၀၃၄၅**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၉)၊ ဦးပိုင်နံပါတ်(၃၉)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးကိုကိုလတ် အမည်ပေါက် ဂရန်မြေကွက်၏မြောက်ဘက်ခြမ်း(ပေ ၃၀ × ပေ ၄၀)ထဲမှ တောင်ဘက်ပိုင်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချိုချိုမြင့်(ဘ)ဦးကျော်စိန်(၅/အတန(နိုင်)၀၆၀၉၀၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းကြေးငွေများ အပြေအကြေ ပေးချေကာ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်ရောင်းချ-ဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လိုအပ်သည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ)
**ဒေါ်အိအိမွန် LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ)
**ဒေါ်ယုသစ်အောင် LL.M** (တရားလွှတ်တော်ရှေ့နေ)
**ဦးကြည်ယံ LL.M** (အထက်တန်းရှေ့နေ)
**ဦးစည်သူအောင် LL.B** (အထက်တန်းရှေ့နေ)
**ဒေါ်သဲမိုမိုထွန်း LL.B** (အထက်တန်းရှေ့နေ)

အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၈၇၇၄၄၀၉၄၄၊ ၀၉-၄၀၂၅၉၉၁၀၂၁

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၉)၊ ဦးပိုင်အမှတ်(၃-ခ)၊ မြေဧရိယာ(ပေ ၃၀ × ၄၅ ပေ)အကျယ်အဝန်းရှိ ဦးကျော်နိုင် အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးမင်း(ဘ)ဦးကျော်အေး(၉/မတရ(နိုင်)၁၃၈၆၈၈)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူသီမြင့်(LL.B, DBL) တရားလွှတ်တော်ရှေ့နေ**

**(ညည-၆၈/၄၂)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၂၆၁၁၅၉၅၄၄**

## ဒေါ်နန်းစုစုထွေး(၉/အမဇ(နိုင်)၀၂၄၁၂၈)နှင့် အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁)၊ ၆၄လမ်း၊ ၁၃၅လမ်းနှင့် ၁၃၆လမ်းကြားတွင် နေထိုင်သူများဖြစ်ကြသည့်

၁။ ဒေါ်မော်လုနိုင်(ဘ)ဦးရွှေထွန်း(ခ)ဦးဖိုးရှမ်း ၊ (၉/မရမ(နိုင်)၀၃၆၂၅၃)
၂။ ဒေါ်နန်းရွှေစင်ဝင်း(ဘ)ဦးရွှေထွန်း(ခ)ဦးဖိုးရှမ်း ၊ (၉/မနမ(နိုင်)၁၁၂၂၂၈)
၃။ ဒေါ်နန်းနှင်းနှင်းဝေ(ဘ)ဦးရွှေထွန်း(ခ)ဦးဖိုးရှမ်း ၊ (၉/အမဇ(နိုင်)၀၂၁၆၉၂)
၄။ ဒေါ်နန်းယုယုဝေ(ဘ)ဦးရွှေထွန်း(ခ)ဦးဖိုးရှမ်း ၊ (၉/အမဇ(နိုင်)၀၁၉၂၃၀)
၅။ ဒေါ်နန်းဖြိုးဖြိုးစံ(ဘ)ဦးရွှေထွန်း(ခ)ဦးဖိုးရှမ်း ၊ (၉/အမဇ(နိုင်)၀၂၂၉၃၁)

တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

ဒေါ်နန်းစုစုထွေးနှင့် ကျွန်ုပ်၏မိတ်ဆွေတို့သည် (ဦးရွှေထွန်း(ခ)ဦးဖိုးရှမ်း)နှင့် ဒေါ်ခင်ဝင်း(ခ)ဒေါ်ဝင်းမှ မွေးဖွားသော ညီအစ်မအရင်းအချာများဖြစ်ကြပါသည်။ ဒေါ်နန်းစုစုထွေး၏ ငွေရေးကြေးရေး အရှုပ်အရှင်းများကို မိခင်နှင့်ညီအစ်မများမှာ အကြိမ်ကြိမ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ဒေါ်နန်းစုစုထွေးမှာ မိခင်နှင့်ညီအစ်မများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ကိုယ်စိတ်နှစ်ပါး စိတ်ဆင်းရဲအောင် ဆက်လက်ပြုလုပ်လျက်ရှိပါသည်။

၎င်းဒေါ်နန်းစုစုထွေး ဆောင်ရွက်သော ငွေကြေးကိစ္စအရှုပ်အရှင်းများသည် ညီအစ်မများဖြစ်ကြသော ကျွန်ုပ်၏မိတ်ဆွေများနှင့် လုံးဝပတ်သက်ခြင်း၊ သက်ဆိုင်ခြင်းမရှိပါ။ ဒေါ်နန်းစုစုထွေးနှင့်ပတ်သက်သော ပြုလုပ်ထားသောကိစ္စများကို ဒေါ်နန်းစုစုထွေးနှင့်သာ ရှင်းကြရန်နှင့် ကျွန်ုပ်၏မိတ်ဆွေများမှ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ ကျွန်ုပ်၏မိတ်ဆွေများနှင့်သက်ဆိုင်ခြင်းမရှိသော ကိစ္စများအတွက် ဖိအားပေးခြင်း၊ တောင်းဆိုခြင်း၊ ဥပဒေနှင့်မညီသော မည်သည့်ပြုမူဆောင်ရွက်ခြင်းကိုမဆို၊ ပြုလုပ်သူမည်သူကိုမဆို တည်ဆဲဥပဒေများအရ ထိရောက်စွာ စွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်များအရ-**

**ဦးရဲဇော်ဦး(LL.B ,(Q),D.B.L)**

**(တရားလွှတ်တော်ရှေ့နေ)**

**'ကျော်'ဥပဒေအကျိုးဆောင်၊ ကျီကုန်းရပ်ကွက်၊ မီးသတ်ရုံးအနီး၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ➤ ၀၉-၄၀၂၆၂၆၃၉၃**

- ❖ ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင် တာဝန်ရှိပြီး ဒေသကို ဦးဆောင်အုပ်ချုပ်နေသူများတွင်လည်း တာဝန်ရှိ...
- ❖ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဒေသအတွင်း ခရိုင်၊ မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်...

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ပြုလုပ်သော အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

- ❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ပြင်ဦးလွင်မြို့ ဒိုးကွင်ဥယျာဉ်ခြံ ပန်းသုတေသနလုပ်ငန်းများနှင့် မျိုးစေ့ထုတ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင် ဒိုးကွင်ဥယျာဉ်ခြံ၏ သုတေသနပြု မျိုးစေ့ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

**နှစ်အလိုက် ပိုမိုထုတ်လုပ်ပေးနိုင်ရေးကြိုးပမ်း**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ခြံအတွင်း မျိုးစေ့ထုတ်လုပ်ရန်နှင့် သုတေသနပြုလုပ်ရန် စိုက်ပျိုးထားသော ဒေသသစ်ခွပန်းများ၊ မေမြို့ပန်းများ၊ ဂန္ဓမာပန်းများ၊ ဒေလီယာပန်းများ၊ ဒေစီပန်းများ အပါအဝင် ပန်းမျိုးများကို သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သုတေသနပြုဖော်ထုတ်ရရှိသော ပန်းမျိုးသစ်များကို ပြင်ဦးလွင်ဒေသတစ်ဝိုက်ရှိ တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာနှင့် မျိုးစေ့ဖြန့်ဖြူးရေးလုပ်ငန်းများကို နှစ်အလိုက် ပိုမိုထုတ်လုပ်ပေးနိုင်ရေး ကြိုးပမ်းကြရန် တာဝန်ရှိသူများကို မှာကြားသည်။



၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်အကြီးအကဲ၏ ပြင်ဦးလွင်ခရီးစဉ် လမ်းညွှန်ချက်များအရ ပြင်ဦးလွင်မြို့တော်ကို ပန်းမြို့တော်ဖြစ်ပေါ်စေရေးအတွက် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော မေမြို့ပန်းမျိုးများ၊ နှင်းဆီပန်းများအပါအဝင် အခြားသော ပန်းမျိုးများအား သုတေသနပြုလုပ်၍ အရောင်အသွေးစုံ အပွင့်ပုံစံမျိုးစုံထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိရေးအတွက် ဒေသမျိုးအချင်းချင်း မျိုးကူးစပ်ခြင်း၊ စုဆောင်းထားရှိသည့် ဒေသမျိုးများနှင့် ပြည်ပမျိုးများ မျိုးစပ်မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒိုးကွင်ခြံသည် အကျယ်အဝန်း ၄၀ ဒသမ ၄၆ ဧကရှိပြီး ၂၀၂၂ ခုနှစ်မှစတင်၍ ဒေသသစ်ခွပန်းမျိုး စုဆောင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းမှ သစ်ခွမျိုးပေါင်း ၁၀၃ မျိုး စုဆောင်းထားရှိပြီး တစ်သျှူးနည်းပညာဖြင့် မျိုးပွားများခြင်း၊ မင်္ဂလာဒုံသစ်ခွခြံ၊ ဘားလားသစ်ခွခြံတို့နှင့် သစ်ခွမျိုးစပ်ခြင်းသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ မင်္ဂလာဒုံသစ်ခွခြံမှ မျိုးစပ်ထုတ်လုပ်သော သစ်ခွစပ်မျိုး ၁၂ မျိုးအား ပြင်ဦးလွင်ဒေသ ရေမြေအခြေအနေနှင့် ကိုက်ညီမှု ရှိ၊ မရှိ စမ်းသပ်စိုက်ပျိုး ဆောင်ရွက်လျက်ရှိကြောင်း၊ နှင်းဆီမျိုးကွဲပေါင်း ၃၂ မျိုးအနက် ထူးခြားသည့် အရောင်၊ အပွင့်၊ ပုံစံနှင့် မွှေးရနံ့ရရှိစေရေး ရွေးချယ်မျိုးစပ်လျက်ရှိရာ စပ်မျိုးအတွဲပေါင်း ၂၀ တွဲ မျိုးစပ်ထားရှိကြောင်း၊ လာမည့်နှစ်တွင် အဆိုပါ စပ်မျိုးများအား အပင်အဖြစ်မွေးမြူ၍ ထူးခြားသည့် အနံ့၊ အပွင့်၊ အရောင်တို့ကို စိုက်ပျိုးရွေးချယ်ပြီး ဒေသတွင်း စီးပွားဖြစ်ခြံများသို့ မျိုးသစ်များ ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်း ဒေသမျိုး မေမြို့ပန်းများအား တာရှည်ခံနိုင်ရေး၊ အပင် ပင်စည်တောင့်တင်းမှုရှိစေရေး၊ ရောင်စုံမျိုးသစ်များပေါ်ထွက်ရေး သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသတွင် ဖြစ်ထွန်းနိုင်သည့် ဒေစီပန်း၊ ကညွတ်ပန်း၊ ကျောက်ခက်ပန်း၊ ရေမွှေးပန်း၊ တိုးနရားပန်းအပါအဝင် ဒေသပန်းမျိုးစုံအား ဈေးကွက်ဝင်အရည်အသွေးဖြင့် မျိုးထုတ်လုပ်နိုင်ရေးကိုလည်း သုတေသနပြုဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း။

ဒိုးကွင်ဥယျာဉ်ခြံမှ နှစ်စဉ် ဂန္ဓမာပန်းပျိုးပင် ခြောက်သိန်း၊ ကြက်မောက်ပန်း ပျိုးပင် ၅၀၀၀၊ ဒေလီယာပန်းပျိုးပင် ၂၀၀၀၊ ဒေစီပန်းပျိုးပင် ၁၂၀၀၊ ရေမွှေးပန်းပျိုးပင် ၁၅၀၀၊ သစ်ခွပန်း ပျိုးပင် ၁၅၀၀၊ မေမြို့ပန်းမျိုးစေ့များကို နှစ်စဉ်ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် နှစ်စဉ်ကျင်းပလျက်ရှိသော ပြင်ဦးလွင်ပန်းပြပွဲသို့လည်း မျိုးစေ့ပျိုးပင်များ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ပြင်ဦးလွင်အား ပန်းမြို့တော်ဖြစ်စေရေးအတွက် နည်းပညာဖြန့်ဖြူးပေးခြင်း၊ မျိုးစေ့များဖြန့်ဖြူးပေးခြင်းလုပ်ငန်းများကို ပညာရှင်များစုဖွဲ့၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၂**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံ ချန်ဘူရီမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြသည်။



အဆိုပါ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အားကစားချစ်မြတ်နိုးသူ ပြည်သူများ၊ ပရိသတ်များက လာရောက် တွေ့ဆုံအားပေးခဲ့ကြသည်။

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (A)တွင် အိမ်ရှင်ထိုင်း၊ တီမော၊ အင်ဒိုနီးရှား၊ အုပ်စု (B)တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် မလေးရှားအသင်းတို့ ပါဝင်နေသည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာ ၅ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဒီဇင်ဘာ ၈ ရက်တွင် မလေးရှားအသင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် မြန်မာစံတော်ချိန် မွန်းလွဲ ၃နာရီခွဲတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(NGB)




## ပရီးမီးယားလိဂ် ချန်ပီယံဆုအား အာဆင်နယ်အသင်း ဆွတ်ခူးနိုင်မည်ဟု ပေါလ်မာဆန်ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၂**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ် ချန်ပီယံဆုအား အာဆင်နယ်အသင်း ဆွတ်ခူးနိုင်မည်ဟု နာမည်ကြီး ဘောလုံးဝေဖန်သုံးသပ်သူ ပေါလ်မာဆန်က ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၃ပွဲကစားအပြီးတွင် ရမှတ် ၃၀မှတ်ဖြင့် အဆင့် ၁နေရာတွင် ရပ်တည်လျက်ရှိသည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းလိုက် စုဖွဲ့မှုအားကောင်းကောင်းဖြင့် ပရီးမီးယားလိဂ်တွင်သာမက ချန်ပီယံလိဂ် ပြိုင်ပွဲတွင်လည်း ရလဒ်ကောင်းများ ရယူနိုင်ခဲ့သည်။

ပေါလ်မာဆန်က "ဒီနှစ်မှာ အာဆင်နယ်အသင်းရဲ့ ခြေစွမ်းကို ဘယ်အသင်းမှ ယှဉ်လို့ မမီပါဘူး။ ဒီရာသီ ပရီးမီးယားလိဂ် ချန်ပီယံဆုကိုလည်း အာဆင်နယ်အသင်းပဲ ရယူနိုင်မှာပါ"ဟု ပြောသည်။

နိုင်ကမ္ဘာ